မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၀၆ ခုနှစ်၊ မေ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၁၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသော မဒမ်ဟန်မြောင်ဆွတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုးသားရေးဇာတိအားမာန်များ ဦးဆောင်စည်းရုံးပျိုးထောင်နယ်ချဲ့အစိုးရကိုဆန့်ကျင်ပြီး လွတ်လပ်ရေးရသည်အထိ အထောက်အကူပြုပေးနိုင် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ ကဏ္ဍအသီးသီး ရှုထောင့်အစုံစုံမှ ရပ်တည်လုပ်ဆောင်ခဲ့ လူမှုရေးဦးတည်ချက် (၄)ရပ်နှင့်အညီ မွန်မြတ်သောလုပ်ငန်းများ ဆက်လက်လုပ်ဆောင်

ရန်ကုန် မေ ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀) ပြည့်ပွဲတော်အခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

တက်ရောက်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀)ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို နံနက်၇နာရီ၁၅မိနစ်တွင် အမျိုးသားဇာတ်ရုံရှေ့မျက်နှာစာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေးဗဟိုနာယကအဖွဲ့ဝင်များဖြစ်ကြသည့်

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။
ဓာတ်ပုံ–တင်စိုး (မြန်မာ့အလင်း)

ဂုဏ်ပြုဆု ချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

အမျိုးကိုချစ်ပါ၊ ဘာသာရေးကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကိုအားပေးပါ

❑ **အမျိုးကိုချစ်ပါ၊ ဘာသာရေးကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကို အားပေးပါ ဆိုသည့် အသင်းကြီး၏ကြွေးကြော်သံသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲအသည်းထဲကို စိမ့်ဝင်ပျံ့နှံ့သွားပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် တိုက်ပွဲဝင်ရန် မြန်မာတိုင်းရင်းသား မျိုးချစ်လူငယ်ထောင်ပေါင်းများစွာတို့ကို မျက်စိ နားဖွင့်ပေးခဲ့။**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

10-5 (01).p65 1 1/8/32, 11:34 PM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ မေလ ၁၀ ရက်)

နိုင်ငံတော်နှင့် ပုဂ္ဂလိက နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ကျောက်မျက်ရတနာ တူးဖော်ရောင်းချရေး သွက်လက်မြန်ဆန်စွာ ဆောင်ရွက်

မြန်မာနိုင်ငံသည် ရွှေ၊ ငွေ၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲရတနာများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည်။ မိုးကုတ်ရတနာမြေ၊ မိုင်းရှူးရတနာမြေနှင့် ပြင်လုံရတနာမြေတို့တွင် ပတ္တမြား၊နီလာနှင့် အဖိုးတန်ကျောက်မျက်သယံဇာတများ ထွက်ရှိသည်။

ကချင်ပြည်နယ် ဖားကန့်ဒေသနှင့် စစ်ကိုင်းတိုင်း ခန္တီးဒေသတို့သည် ကျောက်စိမ်းထွက်ရှိမှုကြောင့် ထင်ရှားကျော်ကြားသည်။ တနင်္သာရီတိုင်း မြိတ်ကျွန်းစု မုတ်ကျွန်းမှ အရည်အသွေးကောင်းပုလဲများ ထွက်ရှိသည်။

မြန်မာ့ရတနာမြေများမှ ထွက်ရှိသည့် ကျောက်မျက်ရတနာများကို တိုးမြှင့်ရောင်းချနိုင်ရေးနှင့် နိုင်ငံခြားငွေ ပိုမိုရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနက ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ် ခင်းကျင်းပြသ ရောင်းချပေးနေသကဲ့သို့ နိုင်ငံတော်နှင့် တိုင်းရင်းသား ပုဂ္ဂလိက ကျောက်မျက်ရတနာ ကုမ္ပဏီများ အကျိုးတူ တူးဖော်ခြင်းလုပ်ငန်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအစည်းအဝေး(၂/၂၀၀၆) ကို မေလ ၈ ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက် ရတနာ ခန်းမဦ့ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင်–

"ကျောက်မျက်ရတနာ တူးဖော်ရောင်းချသည့်လုပ်ငန်းသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိသည့်လုပ်ငန်းဖြစ်ပြီး နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက်လည်း အကျိုးရှိသည့်လုပ်ငန်းဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံတော်အတွက် အကျိုးများသည့်လုပ်ငန်းကြီးနှင့် ပတ်သက်၍ မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအနေဖြင့် စဉ်းစားဆွေးနွေး ဆုံးဖြတ်ရာတွင် နှောင့်နှေးဖင့်နွှဲခြင်းမရှိဘဲ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း"

ပြောကြားသွားသည်။

မျက်မှောက်ကာလတွင် ကျောက်မျက်၊ ကျောက်စိမ်းဈေးကွက် တိုးတက်ဖွံ့ဖြိုးနေပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ကျောက်မျက်ရတနာပြပွဲများကို စိတ်ဝင်စားအားရုံစူးစိုက်လာကြသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကျောက်မျက်ရတနာထုတ်လုပ်မှုနှင့် ရောင်းချမှုကို ဟန်ချက်ညီညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ရတနာထုတ်လုပ်မှုလုပ်ငန်းမှာ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးကြီးမားသည့်အပြင် ခက်ခဲပင်ပန်းစွာလုပ်ကိုင်ရသည့် လုပ်ငန်းဖြစ်သည်။ သို့ဖြစ်၍ ထုတ်လုပ်ရရှိသည့် ကျောက်မျက်ရတနာများကို ထိုက်တန်သည့် တန်ဖိုးရရှိစေရန်နှင့် မြန်မြန်ဆန်ဆန်ရောင်းချနိုင်စေရန် နိုင်ငံတော်က စီစဉ်ပေးနေသည်။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ယခင်က တစ်နှစ်လျှင် နှစ်ကြိမ်၊ သုံးကြိမ် သတ်မှတ်ရောင်းချခဲ့သော်လည်း ထုတ်လုပ်မှုအပေါ်အခြေခံ၍ အချိန်သတ်မှတ်မှုမထားဘဲ ကျောက်မျက်ရတနာပြပွဲများကို လိုအပ်လျှင် လိုအပ်သလို ပြုလုပ်ရောင်းချခြင်း၊ကျောက်မျက်ရတနာထုတ်လုပ်ရာတွင် သဘာဝ ပတ်ဝန်းကျင် မပျက်မယွင်းစေရေးကို အထူးဂရုပြု လုပ်ကိုင်ဆောင်ရွက်ရေးအတွက် သတ္တုတွင်းဝန်ကြီး ဌာနနှင့် ဒေသအာဏာပိုင်များက ကြပ်မတ်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ဝင်ငွေ ပိုမိုရရှိပြီး ကျောက်မျက်များပိုမိုတိုးမြှင့်ထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ကျောက်မျက်ရတနာ တူးဖော်ရောင်းချသည့် လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူအသီးသီးက သွက်လက်မြန်ဆန်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တရားစီရင်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

ရန်ကုန် မေ ၉

ရန်ကုန်တိုင်း တရားသူကြီး ဦးအောင်ငွေသည် မေ ၆ ရက် နံနက် ၁၀ နာရီက ဗဟန်း ကြားတောရလမ်းရှိ တရားရုံးချုပ်ခမ္မာရုံတွင် ရန်ကုန်တိုင်းတရားရုံးမှ တွဲဖက်တိုင်းတရားသူကြီးများနှင့် တိုင်းအတွင်းရှိ ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများမှ တရားသူကြီး အဆင့်အားလုံးနှင့် တွေ့ဆုံပြီး တရားစီရင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် တိုင်းတရားသူကြီး ဦးအောင်ငွေက နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်နေသည့် မူဝါဒလုပ်ငန်းစဉ်များကို သိရှိခံယူကျင့်သုံးရေး၊ တရားစီရင်ရေးလုပ်ငန်းများတွင် အဓိကတာဝန်ရှိသူ တရားသူကြီးများမှ တရားစီရင်ရေးနှင့် တရားရုံးများအပေါ် အများပြည်သူ လေးစားယုံကြည်မှုရရှိအောင် ဆောင်ရွက်ကြရေး၊ မှုခင်းများကို တရားဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရေး၊ လာဘ်ပေးလာဘ်ယူ အဂတိကင်းရှင်းရေး၊ တရားသူကြီးများ ကျင့်ဝတ်သိက္ခာစောင့်ထိန်းရေးနှင့် နိုင်ငံတော်၏ ငြိမ်ဝပ်ပိပြားမှု၊ တရားဥပဒေစိုးမိုးမှု၊ လုံခြုံမှုကိုထိပါးစေသော ပြစ်မှုများအား ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ရေး၊ တရားမမှုခင်းများကို တရားဥပဒေနှင့်အညီ မှန်ကန်မျှတအောင် ဆုံးဖြတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

(အပေါ်ပုံ)(က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၅–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အဆင့်မီ ရော်ဘာဖူးဆက် ပျိုးပင်ရရှိရေး
၇:၁၅	Myanmar Video Rhythm
၇:၅၅	နိုင်ငံတကာသတင်းအကျဉ်း
၈:၀၀	တေးဂီတအစီအစဉ်
၈:၀၅	ရန်ကုန်ထရန်စဖော်မာ
၈:၂၀	တေးဂီတအစီအစဉ်
၈:၂၅	Business Talk
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် အေးချမ်းအောင်မြင် အုတ်ခွက်ဘုရား
၉:၁၀	ပြည်တွင်းသတင်းအကျဉ်း
၉:၂၀	နိုင်ငံတကာအနုပညာရေးရာ
၉:၄၀	Wedding Planner
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	ဆီးချို၊ သွေးချိုရောဂါနှင့် အင်ဆူလင်အသုံးပြုပုံ အကြောင်း (အပိုင်း–၁)
၁၀:၂၀	တေးဂီတအစီအစဉ်
၁၀:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၄၀	ပေမူမှသည် ပုံနှိပ်မူသို့
၁၀:၅၀	တေးဂီတအစီအစဉ်
၁၀:၅၅	ပတ္တလားနှင့် နစ္စဂီတတေးပဒ္ဒင်
၁၁:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅	နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး (မင်းနဂါးနှင့် ဟိန်းညီညီ)
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	ပျော်ရွှင်စရာ မျက်လှည့်ကမ္ဘာ (အပိုင်း–၁)
၁၁:၄၅	တေးဂီတအစီအစဉ်
၁၁:၅၀	တည်ငြိမ်အေးချမ်းစွာ တရားဘာဝနာအားထုတ်နိုင်စေရာ
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည ၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၀–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇:၁၅	၄။	မျိုးချစ်တပ်မတော်
၇:၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၄:၁၅	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀	၅။	လက်စွမ်းပြဟန်ဂီတသံ
၄:၃၀	၆။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၀	၇။	မျိုးချစ်တပ်မတော်
၄:၅၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၀၀	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၂၀	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၀	၁၄။	မိုးလေဝသသတင်း
၆:၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။	မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား
၆:၄၀	၁၇။	လျှပ်တစ်ပြက်
၇:၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း–၁၃)
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	English Usage
	၂၂။	ဗီစီဒီကျော်ကြားတေးများ
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကောင်းကင်သိုင်းကွက်"** (အပိုင်း–၂၈)

ဗဟန်း မြို့နယ် ပြန် ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ကြီးမှူး၍ မေ ၆ ရက်က ရွှေတောင်ကြား (၁)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ ဖြိုး ရေး ကောင်စီရုံးတွင် နယ်လှည့်စာဖတ်ခန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ စာကြည့်တိုက်မှူး ဒေါ်အေးအေးဆင့်နှင့် ရွှေတောင်ကြား(၁)ရပ်ကွက် ဥက္ကဋ္ဌ ဦးဝင်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

■ **ကျောဖုံးမှ**

မှာကြားသည်။ အဆိုပါ ပျိုးဥယျာဉ်၌ ကိုင်းဖြင့် အပင်နှစ်သောင်းနှင့်ပျိုးအိတ်ဖြင့်အပင်ရှစ်သောင်းပျိုးထောင်ထားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံးဝင်းအတွင်းနှင့် အပြင်တို့၌ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးပြီးစီးမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ တိုင်းစာရင်းရုံး၌ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းအင်ဂျင်နီယာမှူးကြီးရုံး၌ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အရာတော်မြို့နယ် ကမ်းပြူစံပြကျေးရွာ ကွင်းအမှတ် ၂၆၅ ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ တက်ရောက်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းတင်က အရာတော်မြို့နယ်အတွင်းနှင့် ကမ်းပြူစံပြကျေးရွာတို့၌ ကြက်ဆူပင်စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဒေသခံပြည်သူများ၏ ကြက်ဆူပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် အရာတော်တပ်နယ်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းမိသားစုများ၏ ကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြရာ အရာတော်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးအောင်မင်းက တပ်နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး စိုက်ခင်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ အရာတော်တပ်နယ်အနေဖြင့် ယခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင်ကို ၂၃၄ ဒသမ ၅၉ ဧကခန့် စိုက်ပျိုးသွားမည်ဖြစ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အရာတော်တပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ၍ လိုအပ်သည်များကို မှာကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် အရာတော်မြို့နယ် မင်းရွာစံပြကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် တင်ထွန်းအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်အား မင်းရွာစံပြကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များဆောင်ရွက်မှုကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျေးရွာခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မင်းရွာစံပြကျေးရွာ၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြကာ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ မင်းရွာစံပြကျေးရွာ ဓိဝဓာတ်ငွေ့လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ အဆိုပါ စက်ရုံသည် ဓာတ်အား ၂၅ကီလိုဝပ် ထုတ်လုပ်ပေးလျက်ရှိသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် မြင်းမူမြို့နယ် ထီးဆောင်းစိုက်ကွင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးကြပြီး ခြံစည်းရိုး ကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ အဆိုပါ ထီးဆောင်းစိုက်ကွင်း ၂၅ဧက၌ ခြံစည်းရိုး ကြက်ဆူပင်သုံးသောင်းကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းမြို့နယ် ကျောက်ဘုရားဆည်သို့ ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းတပ်နယ် နယ်မြေခံတပ်ရင်း၌ ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင် များကို စိုက်ပျိုးပေးကြသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းမြို့နယ် နုံးတွင်း(၃) တမံ တည်ဆောက်ရေးလုပ်ငန်းကို သွားရောက် ကြည့်ရှု စစ်ဆေးရာ စစ်ကိုင်းတိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟုတ်ကြည်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ခြမ်း အိုးကြီးလမ်းဆုံအဝိုင်း ပြုလုပ်နေမှုနှင့် ချဉ်းကပ်လမ်းဘေးဝဲယာတစ်လျှောက်၌ ရေနုတ်မြောင်း ဖောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ဧရာဝတီတံတား(ရတနာပုံ) စစ်ကိုင်းဘက်ခြမ်း လုပ်ငန်းခွင်ရုံးသို့ ရောက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ဧရာဝတီတံတား(ရတနာပုံ)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့ လိုက်ပါလျက် ရေယာဉ်ဖြင့် ဧရာဝတီတံတား (ရတနာပုံ) တံတားအပေါ် ထည်သံပေါင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဧရာဝတီတံတား(ရတနာပုံ)မန္တလေးဘက်ခြမ်း ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုနှင့်တံတားအပေါ်ထည်ပိုင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားသည်။

ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရာတွင် သံပေါင်များကို စစ်ကိုင်းဘက်ကမ်း၌ ပင်မတံတားတိုင် RP 8မှ RP 7 သို့ ၁၁၂ မီတာ၊ RP 7မှ RP 6သို့ ၁၁၂ မီတာ၊ RP 5မှ RP 4သို့ ၁၁၂ မီတာနှင့် RP 5မှ RP 6သို့ ၂၂၄ မီတာ စုစုပေါင်း ၅၆၃ မီတာ တပ်ဆင်ထားပြီးဖြစ်ကာ မန္တလေးဘက်ကမ်းတွင်လည်း ပင်မတံတားတိုင် RP 1မှ RP 2သို့ ၁၁၂ မီတာ၊ RP 2 မှ RP 3 သို့ ၁၁၂ မီတာ၊ RP 3 မှ RP 4 သို့ ၂၂၄ မီတာ၊ RP 4 မှ RP 5 သို့ ၁၀၄ မီတာ တပ်ဆင်ပြီးဖြစ်သည်။ ယခုအခါ တံတားတစ်စင်းလုံးအနေဖြင့် သံပေါင်တပ်ဆင်မှုလုပ်ငန်း စုစုပေါင်း ၁၁၂၆ မီတာရှိရာတွင် ၁၁၁၈ မီတာကို တပ်ဆင်တည်ဆောက်ပြီး ဖြစ်သည်။ တံတားတစ်ခုလုံး သံပေါင်တပ်ဆင်မှု အနေဖြင့် RP 4 မှ RP 5 အကြား သံပေါင်ခုံးတံတားပြီးစီးရန် တစ်ခန်းသာကျန်ရှိကြောင်း သိရှိရသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ပြင်ဦးလွင်–ထုံးဘို–မြစ်ငယ်ဖြတ်လမ်း (ဒွေးလမ်း)ဆောင်ရွက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာက လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကကြီးမှူး စစ်မှုထမ်းဟောင်းအဆင့်မြင့်စည်းရုံးရေးသင်တန်းဖွင့်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ကြီးမှူးဖွင့်လှစ်သော စစ်မှုထမ်းဟောင်းအဆင့်မြင့် စည်းရုံးရေးသင်တန်းအမှတ်စဉ် (၈/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းနာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ စစ်မှုထမ်းဟောင်း လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း(ငြိမ်း)နှင့် ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဗဟိုဌာနချုပ်မှ ဌာနချုပ်မှူးနှင့်ဌာနမှူးများ၊ သင်တန်းကျောင်းအုပ်ကြီးနှင့်နည်းပြများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(ငြိမ်း)က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် သင်တန်းသို့ တက်ရောက်လာကြသည့် သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကို စွမ်းရည်ထက်မြက်ပြီး အင်အားတောင့်တင်းခိုင်မာသည့် အဖွဲ့အစည်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း၊ ယခုသင်တန်းကပို့ချဆွေးနွေးလိုက်သည့် အကြောင်းအရာများကို လက်တွေ့နယ်ပယ်တွင် အသုံးချပြီး မိမိတို့၏ ဘဝတူစစ်မှုထမ်းဟောင်းများနှင့် ပြည်သူများအား စည်းရုံးသွားကြရန် ဖြစ်ကြောင်း၊ ၂၀၀၅ခုနှစ် စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီက ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်ကြီး(၅)ရပ်တို့ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသွားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (ငြိမ်း)က သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင် သင်တန်းသား စုစုပေါင်း ၅၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

● **ကျောဖုံးမှ**

အာကာသမှ အမည်မသိဥက္ကာခဲများ မြေကမ္ဘာသို့ ကျဆင်းမှုကို ယခင်က ဖော်ပြခဲ့သော်လည်း အခြေခံအချက်အလက်ပြည့်ပြည့်စုံစုံကို ယခုမှ သိရှိရခြင်းဖြစ်သည်။ အဆိုပါ ဥက္ကာခဲများသည် နေစကြဝဠာမှ ပေါက်ကွဲ ထွက်ပေါ်လာသော ဒြပ်ပစ္စည်းများချည်းသာ မဟုတ်ဘဲ အာကာသရှိ ဂြိုဟ်များမှ ပဲ့ထွက်လာသော အစိတ်အပိုင်းများလည်း ဖြစ်နိုင်ကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ကမ္ဘာမြေပေါ်တွင် ကျောက်တုံးသဏ္ဌာန်နှင့်ဥက္ကာခဲများ အာကာသမှ တစ်ခါတစ်ရံ ကျဆင်းလာသည်ကို တွေ့ရခြင်းဖြစ်သည်။ ယခုသိပ္ပံပညာရှင်များလေ့လာလျက်ရှိသည့် ရှေးခေတ်ဥက္ကာခဲတွင် နိုက်ထရိုဂျင်နှင့်ဟိုက်ဒရိုဂျင်အက်တမ်များ ပါဝင်နေသည်ကို တွေ့ရခြင်းဖြစ်သည်။

မြေပြင်သို့ကျဆင်းလာသော ဥက္ကာခဲများသည် နှစ်သန်းပေါင်းများစွာက အာကာသမှ ကျဆင်းလာသော လျှို့ဝှက်ချက်များနှင့် ပြည့်စုံနေသည့် ဒြပ်ခဲများဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဌာနဆိုင်ရာသင်တန်းဖွင့်

ရန်ကုန် မေ ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဌာနဆိုင်ရာ ဘာသာရပ်သင်တန်းအမှတ်စဉ် (၁၈) ဖွင့်ပွဲကို မေ ၈ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**



ဧရာဝတီတံတား (ရတနာပုံ) ကို တွေ့ရစဉ်။

(သတင်းစဉ်)

တရုတ်နိုင်ငံမှ ခရီးသွားပြည်သူများ
အိမ်နီးချင်းနိုင်ငံများသို့ ပိုမိုသွားရောက်လည်ပတ်

ပေကျင်း မေ ၉

တရုတ်နိုင်ငံသားများသည် ၎င်းတို့၏ အားလပ်ရက်များကို ပြည်ပတွင် အများအားဖြင့် အချိန်ကုန်လွန် ကြလေ့ရှိကြောင်း ဆင်ဟွာသတင်း တစ်ရပ်က ဖော်ပြသည်။

တရုတ်နိုင်ငံ ဟန်ကျိုးမြို့ရှိ ဘူတာရုံတွင် ခရီးသွားများဖြင့် ပြည့်နှက်နေသည်ကို မေ ၆ရက်က တွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

မျှော်လင့်ထား

၂၀၀၅ ခုနှစ်တွင် ဖူကက်ကျွန်းသို့ တရုတ်ကမ္ဘာလှည့် ခရီးသည် ၁၀၀၀၀၀ကျော် လာရောက်ကြပြီး ယခုနှစ်တွင် ၁၅၀၀၀၀ ကျော် လာရောက်မည်ဟု မျှော်လင့်ထားကြောင်း ထိုင်း ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့၏ စာရင်းဇယားများအရ သိရှိရသည်။

ပြောကြား

တရုတ်နိုင်ငံတွင် ၁၉၉၉ ခုနှစ် အောက်တိုဘာလက ရက်သတ္တပတ်လုံး အားလပ်ရက်အဖြစ် ပထမဆုံး စတင်ခဲ့ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ အဖို့လည်း အကျိုးကျေးဇူးရပြီးရင်း ရလာခဲ့ကြောင်း တရုတ်ကျွမ်းကျင်သူများက ပြောကြားသည်။

ဖော်ပြပါရှိ

ယင်းသို့တစ်ပတ်လုံး အနားရနေခြင်းပင်လျှင် တရုတ်ခရီးသွားများအတွက် နိုင်ငံပြင်ပသို့ထွက်ခွာရန် အချိန် လုံလောက်သွားစေကြောင်း၊ အဆိုပါ ပျော်ရွှင်စရာနေ့များအတွင်း အိမ်နီးချင်းနိုင်ငံများအဖို့လည်း တရုတ်ခရီးသွားများ၏ ဦးစားပေး လည်ပတ်ရာနေရာများ ဖြစ်လာခဲ့ကြောင်း အမျိုးသားခရီးသွားလုပ်ငန်း စီမံခန့်ခွဲရေးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံး စာရင်းဇယားများတွင် ဖော်ပြပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံမြောက်ပိုင်း ဟမ်းဘတ်ဂ်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော "Queen Mary-2" အပျော်စီး ပင်လယ်ကူးသင်္ဘောကြီးကို မေ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ထိုင်းအလုပ်လက်မဲ့နှုန်း မြင့်တက်လာဖွယ်ရှိ

ဗန်ကောက် မေ ၉

ရေနံဈေးနှုန်းများ မြင့်တက်လာမှုကြောင့် စီးပွားရေးနှေးကွေးလာကာ ထိုင်းနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ပြီးခဲ့သောနှစ်က ၁ဒသမ ၈ရာခိုင်နှုန်း ရှိရာမှ ယခုနှစ်တွင် ၂ရာခိုင်နှုန်းအထိ တိုးမြင့်လာနိုင်ကြောင်း ကာစီကွန် သုတေသနဌာန၏ လေ့လာချက်တွင် ဖော်ပြထားသည်။

ရေနံဈေးနှုန်းများ မြင့်တက်လာမှု၏ အကျိုးဆက်ကြောင့် အတိုးနှုန်းများ မြင့်တက်လာကာ ရင်းနှီးမြှုပ်နှံမှုနှင့် စားသုံးမှု တဖြည်းဖြည်း ကျဆင်းလာခဲ့ပြီး ယခုနှစ်၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ကျဆင်းခဲ့သောကြောင့် အလုပ်သမားဦးရေ လျော့ကျသွားခဲ့ရသည်။

အချို့စီးပွားရေး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးကဏ္ဍနှင့် ဆံပင်ညှပ်သမားများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များကဲ့သို့ ကဏ္ဍများတွင် အလုပ်နေရာနှင့် အလုပ်သမားဦးရေသည် သိသိသာသာ ကျဆင်းခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ကျောင်းတစ်ကျောင်းတွင် ကလေးငယ်များအား ကာတွန်းရုပ်ရှင်ကားများ တီထွင်ဖန်တီးမှုနှင့် ပတ်သက်၍ သင်ယူနေကြသည်ကို မေ ၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကလေးများအဝလွန်မှုပြဿနာဖြေရှင်းရန် ပြင်သစ်ကိုယ်စားလှယ်အဖွဲ့ စူးစမ်းလေ့လာ

အီဒင်ဘာရာ မေ ၉

ပြင်သစ်ပညာရေးအရာရှိများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် စကော့တလန်စာသင်ကျောင်းများ၌ ကျန်းမာရေးနှင့် ပြည့်စုံသော စားသောက်မှုကို စူးစမ်းလေ့လာရန်အတွက် အီဒင်ဘာရာမြို့သို့ သွားရောက်သည်။

စိတ်အားထက်သန်

ပြင်သစ် ချက်နည်းပြုတ်နည်းများကောင်းမွန်ကြောင်း နာမည်ရဂုဏ်သတင်း ကျော်ကြားသည့်ကြားမှပင် စကော့တလန်အနေဖြင့် ကလေးသူငယ်များ အဝလွန်မှုပြဿနာကိုမည်သို့ ကိုင်တွယ်ဖြေရှင်းသည်ကို လေ့လာရန် ပြင်သစ် ပညာရေးကိုယ်စားလှယ်အဖွဲ့ဝင်များက စိတ်အားထက်သန်နေကြခြင်းဖြစ်သည်။

အဆိုတင်သွင်း

စာသင်ကျောင်းများ၌ အာဟာရမပြောက်သော အစားအစာများ မရောင်းချရန် စကော့တလန်အုပ်ချုပ်ရေးအရာရှိက ဗုဒ္ဓဟူးနေ့တွင် အဆိုတင်သွင်းထားသည်။

ညှော့ခံမည်

ပြင်သစ်နိုင်ငံ၌မူ စာသင်ကျောင်းများတွင် အရောင်းစက်များ မထားရန် ပိတ်ပင်တားမြစ်ပြီးဖြစ်သည်။ ပြင်သစ်ကိုယ်စားလှယ်အဖွဲ့ မစ်လိုသီယင် အလယ်တန်းကျောင်းသို့ သွားရောက်လေ့လာစဉ် ၎င်းတို့အား သိုးကလီစာဟင်းနှင့် အခြားသော စကော့တလန် ဟင်းလျာများဖြင့် နေ့လယ်စာတည်ခင်း ညှော့ခံမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

စွန်လွှတ်တင်

ဂျပန်နိုင်ငံ တိုကျိုမြို့အနောက်ပိုင်းတွင် ကျင်းပသည့် စွန်လွှတ်ပွဲတော်၌ ကြီးမားသော စွန်ကြီးကို ဝန်ချီစက် အသုံးပြုပြီး လွှတ်တင်နေသည်ကို မေ ၅ရက်က တွေ့ရစဉ်။ (ယင်းစွန်ကြီးသည် အကျယ် ၄၂ ဒသမ ၉ စတုရန်းပေရှိပြီး အလေးချိန် ပေါင် ၂၁၀၀ ရှိကြောင်း သိရသည်။)

(ဓာတ်ပုံ–အင်တာနက်)

တောင်နံရံနှင့်ဘတ်စ်ကားတိုက်၊ အနည်းဆုံး လူ၂၀သေဆုံး

မက္ကစီကိုစီးတီး မေ ၉

မက္ကစီကိုနိုင်ငံ အလယ်ပိုင်း ဆန်လူးအစ်ပိုတိုစီပြည်နယ်တွင် မေ ၇ရက်က ဘတ်စ်ကားတစ်စီး တောင်နံရံနှင့်တိုက်မိသဖြင့် အနည်းဆုံး လူ၂၀ သေဆုံးသွားကြောင်း ဒေသခံ မီဒီယာက ဖော်ပြသည်။

အဆိုပါ ဘတ်စ်ကားသည် ရီယိုဗာဒီမြို့ပြင်ရှိ အဝေးပြေးလမ်းတွင် မောင်းနေစဉ် ဘီးတစ်ဘီးကျွတ်သွားခဲ့ရာ ကားမောင်းသူမှာ မထိန်းနိုင်တော့ဘဲ တောင်နံရံနှင့် တိုက်မိသဖြင့် ခရီးသည်တချို့မှာ ပြူတင်းပေါက်မှ လွင့်စင်ကျသွားခဲ့ကြောင်း အယ်လ်ယူနီဗာဆယ်သတင်းစာက ဖော်ပြသည်။

လူ ၂၃ ဦးသေဆုံးကြောင်း အခြားသတင်းတစ်ပုဒ်၌ ပါရှိသည်။ ကားမောင်းသူ အပါအဝင် လူ ၁၄ ဦးဒဏ်ရာရရှိကြောင်း အယ်လ်ယူနီဗာဆယ်က ဖော်ပြသည်။

ယင်းဘတ်စ်ကားသည် အလယ်ပိုင်း ပြည်နယ်အတွင်းရှိ ဆန်လူးအစ်ပိုတိုစီမြို့နှင့် စီယူဒက်ဗဲလီးမြို့နှစ်မြို့အကြားတွင် ယင်းသို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းစာက ဆက်လက်ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘိုလီးဗီးယားစွမ်းအင်လုပ်ငန်း ပြည်သူပိုင်သိမ်းမှု လက်တင်အမေရိကသို့ အမေရိကန်၏ကြွက်ကျော့မွေးမှိန်

ဝါရှင်တန် မေ ၉

ဘိုလီးဗီးယား စွမ်းအင်လုပ်ငန်းကို ပြည်သူပိုင် သိမ်းဆည်းလိုက်ခြင်းအားဖြင့် ဘိုလီးဗီးယားသမ္မတ မိုရာလက်စ်အနေဖြင့် အမေရိကန်ပြည်ထောင်စုကို ထိတ်လန့်စရာ ကြုံတွေ့စေရသည်ဆိုသော ကတိဖြစ်မြောက်လာစေပြီး လက်တင်အမေရိကနှင့် အမေရိကန် ပြည်ထောင်စု၏ဩဇာ ယုတ်လျော့မှေးမှိန်သွားခြင်းကို မီးမောင်းထိုးပြလိုက်ခြင်း ဖြစ်သည်။

ဘိုလီးဗီးယားသမ္မတမိုရာလက်စ် မဟာမိတ်များမှာ အမေရိကန်၏ရန်သူများဖြစ်သည့် ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်နှင့် ကျူးဘားသမ္မတ မီဒယ်ကတ်စထရိုတို့ ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်

လွန်ခဲ့သည့်ရက်သတ္တပတ်က စွမ်းအင်လုပ်ငန်းကို ဘိုလီးဗီးယား သမ္မတက ပြည်သူပိုင်သိမ်းသည့် လက်ဝဲလုပ်ရပ်သည် အမေရိကန် ပြဋ္ဌာန်းသည့် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်မှ လက်တင်အမေရိက နောက်တစ်လှမ်း ဆုတ်လိုက်ခြင်းလည်း ဖြစ်သည်။

ဝေဖန်ပြောကြား

လွတ်လပ်စွာ ကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့က ဒေသတွင်းရှိ ဆင်းရဲသားအများစု၏ဘဝ တိုးတက်အောင် မဆောင်ရွက်နိုင်ဟု ဝေဖန်ပြောကြားသည့် သမ္မတ မိုရာလက်စ်ကဲ့သို့သော လက်ဝဲသမားများအား လက်တင်အမေရိက မဲဆန္ဒရှင် ပြည်သူများက ထောက်ခံအားပေးနေမှုကိုလည်း အမေရိကန်ပြည်ထောင်စုက အနည်းငယ်မျှ မတားဆီး၊ မပိတ်ပင်နိုင်ကြောင်း ဝါရှင်တန်အခြေစိုက် ပညာရှင်အဖွဲ့တစ်ဖွဲ့မှ ပီတာဟာကင်က ဝေဖန်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ၏ ပန်းပင်စိုက်ပျိုးထုတ်လုပ်မှု တစ်နှစ်လျှင် ကိုးဘီလီယံခန့် အထိရှိ

ရန်ကုန် မေ ၉

တရုတ်နိုင်ငံသည် တစ်နှစ်လျှင် ပန်းကိုးဘီလီယံခန့် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ တစ်ဦးလျှင် ပန်းပင် ခုနစ်ပင်နီးပါးရရှိသည်နှင့်ညီမျှနေကြောင်း တရုတ်ပန်းပင်အသင်း၏ စာရင်းဇယားများတွင် မေဖရက်က ဖော်ပြပါရှိသည်။

ပန်းရောင်းနေသူတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မည်သို့ပင်ဖြစ်စေ ယင်းအခြေအနေမှာ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းစာလျှင် နည်းပါးနေသေးကြောင်း တရုတ်နိုင်ငံအရှေ့မြောက်ဘက် လျောင်နင်ပြည်နယ်၏မြို့တော် ရှန်ယန်းတွင် လွန်ခဲ့သည့်ရက်သတ္တပတ်က ဖွင့်လှစ်ခဲ့သည့် တရုတ်ရှန်ယန်းနိုင်ငံတကာ သစ်သီးဝလံ၊ ပန်းမန်ပြပွဲ၌ ပန်းပင်အသင်း အတွင်းရေးမှူးချုပ် ဝမ်ဒီယန်ဖူက ပြောကြားသည်။

တရုတ်နိုင်ငံသားတစ်ဦးသည် ပန်းပင်နှင့်ပတ်သက်၍ တစ်နှစ်လျှင် ပျမ်းမျှ အမေရိကန် တစ်ဒေါ်လာခန့်သာလျှင် သုံးစွဲသဖြင့် ဂျပန်တစ်ဦး၏ သုံးဆယ်ပုံ တစ်ပုံထက်နည်းပါးနေသေးကြောင်း ၎င်းကပြောကြားသည်။

ပိုမိုကျယ်ဝန်းလာ

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပန်းပင်အများဆုံးစိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံဖြစ်လာကြောင်း၊ ၂၀၀၄ ခုနှစ်တွင် ပန်းပင်စိုက်ပျိုးသည့် ဧရိယာမှာ ဟက်တာ ၆၃၆၀၀၀ ရှိခဲ့ သဖြင့် လွန်ခဲ့သည့်နှစ် ၂၀ ကထက် အဆသုံးဆယ်နီးပါး ပိုမိုကျယ်ဝန်းလာခဲ့ပြီး ကမ္ဘာ့စုစုပေါင်း၏ သုံးပုံတစ်ပုံအထိရှိကြောင်း မစ္စတာဝမ်က ပြောကြားသည်။

အီရတ်နိုင်ငံ၌ ကားဗုံးသုံးလုံးပေါက်ကွဲ

ဘဂ္ဂဒက် မေ ၉

ဘဂ္ဂဒက်မြို့ မြောက်ဘက်စွန်းတွင် မေ ၇ ရက်က ကားဗုံးသုံးလုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံးလူ ၁၄ ဦး သေဆုံးပြီး ၃၈ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးတစ်လုံးမှာ ကာဘာလာမြို့ရှိ ပြည်နယ်အစိုးရ အဆောက်အအုံအနီးတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး လူငါးဦး သေဆုံးကာ ၁၈ ဦးဒဏ်ရာ ရရှိခဲ့သည်။

မိနစ်ပိုင်းအတွင်းမှာပင် ဘဂ္ဂဒက်တွင် အီရတ်တပ်ဖွဲ့ ကင်းလှည့်ယာဉ်ကို ဦးတည်တိုက်ခိုက်သည့် ကားဗုံးတစ်လုံးပေါက်ကွဲပြန်ရာ လူရှစ်ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့သည်။ ဆက်လက်ပေါက်ကွဲသည့် ဗုံးတစ်လုံးကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။

အမ်အင်အေ၊ဆင်ဟွာ

လုပ်ကိုင်

၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံ ပန်းပင်တင်ပို့မှုသည် အမေရိကန် ဒေါ်လာသန်း ၁၄၀ အထိရှိခဲ့ပြီး လူသုံးသန်းကျော်သည် ပန်းပင်နှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး စတော်ဘယ်ရီကိတ်

ကမ္ဘာ့အကြီးမားဆုံး စတော်ဘယ်ရီကိတ်မုန့်ကြီးတစ်ခုကို တွေ့ရစဉ်။ (အောက်ပုံ)

အဆိုပါ စတော်ဘယ်ရီကိတ်မုန့်ကြီးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မြောက်ဘက် လာထရီနီဒတ်မြို့တွင် ပြုလုပ်ထားခြင်း ဖြစ်သည်။ ၎င်းစတော်ဘယ်ရီကိတ်မုန့်ကြီးသည် အလေးချိန် ၉၆၄၂ကီလိုဂရမ်ရှိပြီး အရှည် ၁၂ ဒသမ ၃ပေရှိကာ အမြင့် ၈ ဒသမ ၄၂ပေနှင့် အကျယ် ၈ဒသမ၆၉ပေရှိကြောင်း သိရ သည်။ ၎င်းစတော်ဘယ်ရီကိတ်မုန့်ကြီးသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ကိတ်မုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်းတွင် ဖော်ပြခံရမည်ဖြစ်သည်။

(အင်တာနက်)

တေးဂီတ သင်္ကေတရုပ်တု

တေးဂီတ သင်္ကေတများကို ပုံဖော်ထားသောရုပ်တုများကို တွေ့ရစဉ်။ (အပေါ်ပုံ)

ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ရင်ပြင်တစ်ခုတွင် တေးရေးဆရာများနှင့် စာရေးဆရာများ၏ တီထွင်ဖန်တီးမှုနှင့် ဂုဏ်မြောက်သော စိတ်ကူးစိတ်သန်းများကို ကိုယ်စားပြုသည့်အနေဖြင့် ယင်းတေးဂီတသင်္ကေတ ပန်းပုရုပ်တုများကို ထုလုပ်ခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဝိုင်အမ်ဘီအေ နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် မင်္ဂလာစာမေးပွဲ ထူးချွန်ဆုရရှိသူများနှင့် တွေ့ဆုံခြင်း

တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၉

ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်(၁၀၀)ပြည့်ပွဲတော် စည်ကားစွာ ကျင်းပလျက်ရှိသည်။ ဝိုင်အမ်ဘီအေအသင်းနှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အဖြစ် ဝိုင်အမ်ဘီအေအသင်းက ကြီးမှူးပြီး ၂၀၀၅ခုနှစ်က မြန်မာတစ်နိုင်ငံလုံးတွင် မင်္ဂလာစာမေးပွဲ ကျင်းပခဲ့ရာမှ အထူးချွန်ဆုံးအောင်မြင်သူ လူငယ် ၁၀၀တို့အား အထူးဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

တွေ့ဆုံ

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ မေ၉ရက်ကကျင်းပခဲ့သောဝိုင်အမ်ဘီအေ၏ မင်္ဂလာစာမေးပွဲတွင်တစ်နိုင်ငံလုံး၌ ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့် ပွဲအခမ်းအနား၌ ဆုရရှိသူများနှင့် မြန်မာ့အလင်းသတင်းအဖွဲ့က သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မေးမြန်း

ပထမဦးစွာ ဧရာဝတီတိုင်း ပုသိမ်မြို့မှ မဆုဇင်ဇင်စိုးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ မဆုဇင်ဇင်စိုးသည် ပုသိမ်မြို့ အလက(၁)မှ သတ္တမတန်းကျောင်းသူတစ်ဦးဖြစ်ပြီး အသက် ၁၂နှစ်သာရှိသေးသူဖြစ်သည်။ ဆုရရှိမှုနှင့် ပတ်သက်၍ မေးမြန်းရာ" သမီးအနေနဲ့ ဝိုင်အမ်ဘီအေကပြုလုပ်တဲ့ ဗုဒ္ဓဝင်နှင့် မင်္ဂလသုတ်ဒေသနာတော် ရေးဖြေစာမေးပွဲကို ဒီနှစ်နဲ့ဆိုရင် သုံးနှစ်ရှိပါပြီ၊ ၂၀၀၄ ခုနှစ်က မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မင်္ဂလာစာမေးပွဲအငယ်တန်း ပဥ္စမဆု၊ ၂၀၀၅ခုနှစ်မှာ မင်္ဂလာစာမေးပွဲ အလတ်တန်း ပဥ္စမဆုနဲ့ ၂၀၀၆ ခုနှစ် မင်္ဂလာစာမေးပွဲ အကြီးတန်း ပထမဆုတို့ ရရှိခဲ့ပါတယ်။ သုံးနှစ်ဆက်တိုက် ဆုရရှိခြင်း လဲဖြစ်ပြီး ဗုဒ္ဓဘာသာကို ယုံကြည် သက်ဝင်လို့ အခုလိုစာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

မဆုဇင်ဇင်စိုးသည် ဗုဒ္ဓဘာသာကို ငယ်စဉ်ကပင်လေ့လာလိုစိတ်ရှိခဲ့ပြီး မိဘများကလည်း အားပေးခဲ့မှုကြောင့် ယခုကဲ့သို့ မင်္ဂလာစာမေးပွဲများဝင်ရောက်ဖြေဆိုခဲ့ပြီး ဆုများရရှိခဲ့ခြင်းဖြစ်သည်။

ပထမဆုံး

နောက်တစ်ဦးမှာ မန္တလေးမြို့မှ မအိသူဖြိုးဖြစ်သည်။ အသက် ၂၂ နှစ် အရွယ်ရှိပြီး မန္တလေးရတနာပုံ တက္ကသိုလ်မှ သင်္ချာအဓိကဖြင့်ဘွဲ့ရပြီးသူလည်းဖြစ်သည်။ မအိသူဖြိုးက "ဝိုင်အမ်ဘီအေက ကျင်းပတဲ့ မင်္ဂလာစာမေးပွဲတွေကိုဖြေချင်နေတာ ကြာပါပြီ။ အခုမှ ပထမဦးဆုံးအကြိမ်ဝင်ရောက်ဖြေဆိုခဲ့တာပါ။ ရရှိတဲ့ဆုကတော့ မင်္ဂလာစာမေးပွဲ (အကြီးတန်း) ထူးချွန်ဆုရရှိခဲ့ခြင်းဖြစ်ပါတယ် နောင်နှစ်တွေမှာလဲ ဆက်လက်ဖြေဆိုသွားဦးမှာပါ" ဟု ပြောကြားသည်။

မင်္ဂလာစာမေးပွဲများကို ဝင်ရောက်ဖြေဆိုလိုစိတ်ကြီးမားသော မအိသူဖြိုးအနေဖြင့် ဖြေဆိုသည့်နှစ်မှာပင် ထူးချွန်ဆုရရှိခဲ့ခြင်းမှာ ဗုဒ္ဓဘာသာကိုလေ့လာလိုစိတ်ပြင်းပြခြင်းကြောင့်ဖြစ်ကြောင်း ထင်ရှားနေသည်။

ထို့အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့မှ မောင်အိုင်ဟိန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။ "ဝိုင်အမ်ဘီအေက ကျင်းပတဲ့မင်္ဂလာစာမေးပွဲကို ခုံနံပါတ်-ပန-၁၅၂၀ နဲ့ ဝင်ရောက်ဖြေဆိုခဲ့တာ အခုနှစ်မှာ အငယ်တန်း ပထမဆု ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဒီစာမေးပွဲက မင်္ဂလာ စာမေးပွဲကို ပထမဆုံး ဝင် ရောက်ဖြေဆိုခြင်းဖြစ်ပြီး ဆုရရှိခြင်း ဖြစ်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဝိုင်အမ်ဘီအေက ကျင်းပတဲ့ မင်္ဂလာစာမေးပွဲတွေကို ဖြေဖို့မိဘတွေကလဲ အားပေးပါတယ်။ ကျွန်တော် ကိုယ်တိုင်လဲစိတ်ဝင်စားလို့ ဝင်ဖြေခဲ့တာပါ။ နောင်နှစ်တွေမှာ ဆက်တိုက် ဖြေသွားဖို့ဆုံးဖြတ်ထားပါတယ်"ဟု ပြောကြားသွားသည်။

တစ်ဖန် မင်္ဂလာစာမေးပွဲထူးချွန် ဆုရရှိသည့် မမြတ်မွန်အေးနှင့်တွေ့ဆုံ

စာတွေအများကြီးကျက်ပြီးဖြေဆိုခဲ့လို့ အခုလို ဆုရတာပါ။
မနှင်းနှင်းဝေ
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မေးမြန်းခဲ့သည်။ "သမီးက ဧရာဝတီတိုင်း ရေကြည်မြို့နယ် ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ နဝမတန်းအောင်မြင်ထားတဲ့ကျောင်းသူတစ်ဦးဖြစ်ပါတယ်။ ဝိုင်အမ်ဘီအေက ပြုလုပ်တဲ့ သင်တန်းတွေကို တက်ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင်သိချင်၊ နားလည်ချင်လို့ လေ့လာပြီးမှ စာမေးပွဲဝင်ဖြေတာပါ ဆုအနေနဲ့ကတော့ ဗုဒ္ဓဝင်နဲ့ မင်္ဂလသုတ်ဒေသနာတော် ရေးဖြေ (အကြီးတန်း) ထူးချွန်ဆုရရှိခဲ့ခြင်း ဖြစ်ပါတယ်" ဟု ပြောကြားသွားသည်။

ဆုရလူငယ်များကို မြင်တွေ့ရသည်မှာ အားရဖွယ်ဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ထိုက်သင့်သည့်အချက်အလက်များကို ငယ်ငယ်ရွယ်ရွယ်နှင့် သိရှိနားလည်သွားစေသည်မှာ တန်ဖိုးမဖြတ်နိုင်သော ရလဒ်ပင်ဖြစ်သည်။

အားပေး

နောက်တစ်ဦးမှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ပဥ္စမတန်းကျောင်းသူ မနှင်းနှင်းဝေဖြစ်သည်။ အသက် ၁၀ နှစ်သာရှိသေးသော်လည်း မင်္ဂလာစာမေးပွဲ၌ အငယ်တန်း ပထမဆုရရှိ

ဗုဒ္ဓဘာသာကိုယုံကြည်သက်ဝင်လို့ အခုလိုစာမေးပွဲဝင်ရောက်ဖြေဆိုခြင်းဖြစ်။
မဆုဇင်ဇင်စိုး
ဧရာဝတီတိုင်း၊ ပုသိမ်မြို့
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

သူဖြစ်သည်။ မနှင်းနှင်းဝေက "သမီးက ပထမဆုံးအကြိမ် ဝင်ရောက်ဖြေဆိုပြီး ပထမဆုရရှိခဲ့တာပါ။ ဗုဒ္ဓဘာသာနဲ့ပတ်သက်ပြီး သမီးတို့ မသိတာတွေ၊ မရှင်းတာတွေ အများကြီး သိခဲ့ရ၊ မှတ်သားခဲ့ရတယ်။ စာတွေအများကြီးကျက်ပြီး ဖြေဆိုခဲ့လို့ အခုလို ဆုရတာပါ။ မိဘတွေကလဲ အားပေးလို့ နောက်နှစ်တွေလဲ မင်္ဂလာစာမေးပွဲကို ဝင်ဖြေဦးမှာပါ"ဟု ပြောကြားသွားသည်။

နောင်နှစ်တွေမှာလဲ ဆက်လက်ဖြေဆိုသွားဦးမှာပါ။ မအိသူဖြိုး
မန္တလေးရတနာပုံတက္ကသိုလ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မင်္ဂလာစာမေးပွဲကို ပထမဆုံး ဝင်ရောက်ဖြေဆိုခြင်းဖြစ်လို့ ဝမ်းမြောက် ဝမ်းသာဖြစ်ရ။
မောင်အိုင်ဟိန်း
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

မြန်မာလူငယ် လူငယ်ရွယ်များ ဘာသာ၊ သာသနာနှင့် ပတ်သက်၍ လေးလေးနက်နက် မှန်မှန်ကန်ကန် သိရှိစေရန်၊ ဗုဒ္ဓဘာသာ၊ စာပေ၊ ပရိယတ္တိကို နိုင်ငံနှင့်အဝန်း တိုးတက်ကြီးပွား ပျံ့နှံ့ထွန်းကားလာစေရန် အတွက် ယခုကဲ့သို့ ဝိုင်အမ်ဘီအေ မင်္ဂလာစာမေးပွဲများ နှစ်စဉ်မပြတ် ပြုလုပ်ခြင်းဖြင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး ထူးချွန်သော လူငယ်လူရွယ်အများအပြား ပေါ်ထွန်းလာမည်မှာ သေချာ

ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ထဲထဲဝင်ဝင် သိနားလည်ချင်လို့ လေ့လာပြီးမှစာမေးပွဲဝင်ဖြေတာပါ။
မမြတ်မွန်အေး
ဧရာဝတီတိုင်း၊ ရေကြည်မြို့နယ်
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နေပါကြောင်း ရေးသားရင်း ဝိုင်အမ်ဘီအေ၏ နှစ်(၁၀၀)ပြည့်ကို ဂုဏ်ပြုလိုက်ရပေသည်။ ။ **(မြန်မာ့အလင်း)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲ တောင်ကြီး ပြည်သူ့အားကစားကွင်း၌ ကျင်းပမည်

ရန်ကုန် မေ ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်ကို မေ ၁၃ ရက်မှ စတင်၍ နေ့စဉ်နံနက်၁၀နာရီမှ ညရနာရီအထိ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်သူ့အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး အဆိုပါဈေးရောင်းပွဲတော်တွင် စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို အထူးဈေးနှုန်းဖြင့် လက်လီလက်ကား ရောင်းချမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေပါရမီတောရ အရှင်ဆန္ဒာဓိက က ပရိယတ္တိသာသနာပြုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ပဲခူးမြို့ သာမဏေကျော်သို့ သထုံမြို့ မြစိမ်းကျောင်းတိုက်အား ရွှေပါရမီ မြစိမ်းသာမဏေကျော် ပရိယတ္တိစာသင်တိုက်အဖြစ် လွှဲပြောင်းလှူဒါန်းရာတွင် (ဦးဟုတ်ယုံ)-ဒေါ်ကျင်လှ၊ သား Captဧွေးမြင့်တို့က ကျပ်သိန်းသုံးဆယ်ကို လှူဒါန်းပြီး ဆရာတော်ထံ သင်္ကန်းပရိက္ခရာများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

သံအမတ်ကြီးဦးတင်ဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၁၀

ဖင်လန်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၆ ခုနှစ် ဧပြီ ၂၀ရက်တွင် ဟယ်လ်စင်ကီမြို့၌ ဖင်လန် သမ္မတ နိုင်ငံသမ္မတ မစ်(စ်)တာဂျာ၊ ဟောလိုနင်ထံ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

(သတင်းစဉ်)

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့၌ ကျင်းပ

ရန်ကုန် မေ ၉

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၈နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်မှူးချုပ်လှမင်းသည် မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

တက်ရောက်

ဆက်လက်၍ ပြည်မြို့နယ်ရှိ ထမ္ဗကောက်ကျေးရွာအုပ်စု တီတွတ်စံပြကျေးရွာအနီး ကွင်းအမှတ်(၃၈၂)တွင် ဧက ၁၀၀ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နိုင်နိုင်မော်နှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်နယ်မှ မိသားစုဝင်များတက်ရောက်ကြသည်။

စုပေါင်းစိုက်ပျိုး

ရှေးဦးစွာ ဗိုလ်မှူးချုပ်လှမင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နိုင်နိုင်မော်တို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တပ်နယ် မိသားစုဝင်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဖြန့်ဝေပေးပြီး သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါ ထမ္ဗကောက်ကျေးရွာအုပ်စု ကွင်းအမှတ်(၃၈၂)နှင့် တီတွတ်စံပြကျေးရွာအနီး မြေလွတ်ဧက ၁၇၅၀ကို တစ်ဆက်တစ်စပ်တည်း ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နမိုးနီးယားရောဂါ ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အဏုဇီဝဗေဒအဖွဲ့က ကြီးမှူး၍ Highlight on Avian Influenza ဟောပြောပွဲကို မေ ၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသင်းခန်းမဆောင်(ဘီ)၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားစိတ်ဝင်စားဖွယ်ရာ ဝိုင်အမ်ဘီအေ နှစ်(၁၀၀)ပြည့်ပြခန်း

သတင်းဆောင်းပါး – မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၉

နယ်ချဲ့လက်အောက်ကျရောက်စဉ်ကာလ မြန်မာတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာတို့အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် ၁၉၀၆ ခုနှစ် မေ ၁၀ ရက်က စတင်ဖွဲ့စည်းခဲ့သော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေအသင်းကြီး)သည် ၂၀၀၆ ခုနှစ် မေ ၁၀ ရက်(ယနေ့)တွင် နှစ်ပေါင်း(၁၀၀)ပြည့်ခဲ့ပြီဖြစ်သည်။

ဝိုင်အမ်ဘီအေအသင်းမှ ထုတ်ဝေခဲ့သော ခေတ်အလိုက်စာအုပ် စာတမ်းများကို ဤကဲ့သို့ ခင်းကျင်းပြသထားသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

စည်ကား

ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်(၁၀၀)ပြည့်အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိအမျိုးသားဓာတ်ရုံခန်းမ၌ မေ ၉ရက်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်၁၀၀အတွင်း အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာရေးကိစ္စများတွင် ဆောင်ရွက်ခဲ့ပုံမှတ်တမ်းများ ပြခန်း၊ ဝိုင်အမ်ဘီအေအသင်းက မြန်မာနိုင်ငံတစ်ဝန်းကျင်းပခဲ့သော မင်္ဂလာစာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော လူငယ်များအား ဆုပေးပွဲအခမ်းအနားများစသည်ဖြင့် စည်စည်ကားကားရှိလှပေသည်။

အမျိုးသားဓာတ်ရုံ ခန်းမအဝင် မှာပင် ဝိုင်အမ်ဘီအေအသင်းနှစ်(၁၀၀) ပြည့် ပြခန်းကိုပြသထားရာ သတင်းစာများကပြောသောဝိုင်အမ်ဘီအေပြကွက်၊ မင်္ဂလာစာမေးပွဲအစ ဝိုင်အမ်ဘီအေက ပြကွက်၊လမ်းဟောင်းပေါ်တွင်ဆင့်ကာ ထွင်ပြကွက်၊သက်ဝင်လှုပ်ရှားကာတွန်းများပြကွက်၊ သာသနာပြုရာ ပြည်ပမှာ ပြကွက်၊သီချင်းရေးသူ သူလိုလူပြကွက်၊ လူမှုဘာသာဆောင်ရွက်ကာ ပြကွက်၊ ဝိုင်အမ်ဘီအေဆင်နွှဲ ဘာသာရေးပွဲ ပြကွက်၊ အသင်းအကြောင်းသိကောင်း စရာပြကွက်နှင့် စည်းလုံးညီညာ တွေ့ဆုံကာပြကွက်တို့ဖြင့် ရှားပါးဓာတ်ပုံ မှတ်တမ်းများ ဝေဝေဆာဆာဖြင့် ခင်းကျင်းပြသထားရာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ညီညီညွတ်ညွတ်

မင်္ဂလာစာမေးပွဲအစ ဝိုင်အမ်ဘီအေက ပြကွက်တွင် မြန်မာနိုင်ငံတစ်ဝန်း မင်္ဂလာစာမေးပွဲများ ကျင်းပခဲ့ပုံနှင့် ဆုချီးမြှင့်ပုံရှားပါးဓာတ်ပုံများ၊ စည်းလုံးညီညာတွေ့ဆုံကာ ပြကွက်တွင် ခေတ်အဆက်ဆက်က ဝိုင်အမ်ဘီအေအသင်းကြီးကို ဦးဆောင်ဦးရွက်ပြုခဲ့သော လူကြီးများ ညီညီညွတ်ညွတ် စုစုစည်းစည်း တိုင်ပင်ဆွေးနွေးခဲ့ကြသည့် မှတ်တမ်းတင်ဓာတ်ပုံများဖြင့် ပြသထားသည်မှာ မိမိတို့ မသိမမီလိုက်သည့် ဝိုင်အမ်ဘီအေအသင်းကြီး၏ ရှေးခေတ်ဘာသာရေး၊ သာသနာရေးဆောင်ရွက်ခဲ့ပုံများကို လေးစားဖွယ်ရာမြင်တွေ့ခံစားရသည်။

ပြကွက်

ထို့အပြင် သတင်းစာများက ပြောသော ဝိုင်အမ်ဘီအေပြကွက်နှင့် သက်ဝင်လှုပ်ရှား ကာတွန်းများပြကွက်တွင် ဝိုင်အမ်ဘီအေအသင်းမှ ထုတ်ဝေခဲ့သော ခေတ်အလိုက် စာအုပ်၊ စာတမ်းများ၊ဝိုင်အမ်ဘီအေအသင်းအကြောင်း ဖော်ပြထားသည့် သူရိယ သတင်းစာများ၊၁၉၅၅ ခုနှစ်က ဗမာ့ခေတ် ယုဝတီဂျာနယ်တွင် ဖော်ပြခဲ့သည့် သတင်းမှတ်တမ်းနှင့် ဓာတ်ပုံများ၊၁၉၅၃ ခုနှစ် ဖေဖော်ဝါရီ၂၃ရက်က မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြခဲ့သည့် ဝိုင်အမ်ဘီအေအသင်း၏ဆောင်ရွက်မှုမှတ်တမ်း ဓာတ်ပုံများ၊ ၁၉၀၆–၄၈ခုနှစ်အတွင်း ဝိုင်အမ်ဘီအေအသင်း၏ ကိုလိုနီခေတ်ဦး သမိုင်းဆိုင်ရာ မဟာဝိဇ္ဇာကျမ်းများ၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၌ စုဆောင်းထားရှိသည့် ရှားပါးသတင်းစာများနှင့် စာအုပ်များကို ပြသထားပြီး နာမည်ကျော် ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ အမျိုးကိုချစ်ရန်၊ လွတ်လပ်ရေးကို တန်ဖိုးထားရန်နှင့် ပြည်ပအားကိုးမှုကိုရှောင်ရန် ရေးဆွဲသတိပေးထားသည့် ထိမိပြောင်မြောက်သော ကာတွန်းလက်ရာများကား ကြည့်ရှုရသူများကို အမျိုး၊ဘာသာ၊ သာသနာကို မြတ်နိုးလေးစားရန်နှင့် လွတ်လပ်ရေးကို ထိန်းသိမ်းရန် သတိပေးနေသည့်နှယ်ရှိလေသည်။

သမိုင်းမှတ်တမ်း

တစ်ဖန်သီချင်းရေးသူ သူလိုလူ ပြကွက်နှင့် လူမှုဘာသာ ဆောင်ရွက်ကာပြကွက်တွင် ဝိုင်အမ်ဘီအေ သီချင်းကို စတင်ရေးသားခဲ့သည့် ဝိုင်အမ်ဘီအေသခင်တင်၏အတ္ထုပ္ပတ္တိ စာအုပ်နှင့် သူ၏ရုပ်ပုံ၊ ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်(၁၀၀)အတွင်း လူမှုရေး၊ ဘာသာရေးဆောင်ရွက်ခဲ့မှုမှတ်တမ်းတင် ရှားပါးဓာတ်ပုံများက အသင်းကြီး၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် ဘက်စုံ၊ ထောင့်စုံကြိုးပမ်းဆောင်ရွက်ခဲ့ပုံကို ဖော်ကျူးထားသည့် သမိုင်းမှတ်တမ်းများပင်ဖြစ်သည်။

သာသနာပြုရာ ပြည်ပမှာပြကွက်နှင့် အသင်းအကြောင်းသိကောင်းစရာ ပြကွက်တွင် ဝိုင်အမ်ဘီအေအသင်း၏ ပြည်ပတွင် သာသနာပြုခဲ့သည့် မှတ်တမ်း ဓာတ်ပုံများ၊ အသင်းကြီး အကြောင်း အသေးစိတ် ဖော်ပြထားသည့်မှတ်တမ်းမှတ်ရာများကို အကျယ်တဝင့် ဖော်ပြထားရာ ဝိုင်အမ်ဘီအေအသင်းကြီး၏အမှတ်တံဆိပ်အဓိပ္ပာယ်မှအစ ဆောင်ရွက်မှုအားလုံးကို တစ်နေရာတည်းသိရှိသွားနိုင်အောင် ပြည့်ပြည့်စုံစုံ စုစည်းတင်ပြထားသည်။

ထို့ကြောင့် အမျိုး၊ ဘာသာ၊ သာသနာနှင့် ပညာအကျိုးစီးပွားကို ဦးလည်မသုန် ခေတ်အဆက်ဆက်က တာဝန်ကျေပွန်စွာ စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်ခဲ့သော ဝိုင်အမ်ဘီအေအသင်း၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ပြခန်းကား ဗဟုသုတရဖွယ်များနှင့် ပြည့်လျှမ်းလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

ဂျပန်နိုင်ငံတွင် တည်ထားကိုးကွယ်သော မိုဂျီကမ္ဘာအေးဘုရားတွင် ဝိုင်အမ်ဘီအေမှ လှူဒါန်းသော ထီးတော်တင်ပွဲ အခမ်းအနားမှတ်တမ်းဓာတ်ပုံပြကွက်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)



သက်ဝင်လှုပ်ရှား ကာတွန်းများပြကွက်ကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ဝိုင်အမ်ဘီအေအသင်းကြီး၏ ခေတ်အဆက်ဆက် ဦးဆောင်ဦးရွက်ပြုခဲ့သော နာယကများနှင့် ဥက္ကဋ္ဌများ မှတ်တမ်းတင်ဓာတ်ပုံများပြကွက်။
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၀–၅–၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သတ္တသတ္တာဟ စံနေတော်မူခန်း (ကြူနွှာဆွေရေးဖွဲ့ပူဇော်၍ ဖြူသီသီဆိုပူဇော်သည်)
၇း၅၅	၅။	သံသာချိုအေး မင်္ဂလာတေး
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၀	၇။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၂၀	၈။	ပုလင်းရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	တေးသရုပ်ဖော်အစီအစဉ်
၁၆း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံ
၁၇း၁၀	၆။	မြန်မာစာ မြန်မာစကား
၁၇း၂၅	၇။	သီချင်းကြီးပဒေသာ
၁၇း၃၅	၈။	**"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ–သက်တင်)
၁၇း၄၀	၉။	ကဆုန်လပြည့်နေ့တေးများ
၁၈း၅၀	၁၀။	ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅	၁၄။	တေးဂီတအစီအစဉ်
၁၉း၂၀	၁၅။	မြို့လုံးကျွတ်ဆင်နွှဲ ရွှေဘိုမြို့ ကဆုန်ညောင်ရေသွန်းပွဲ
၁၉း၃၀	၁၆။	အဆိုပြိုင်ပွဲ
၁၉း၃၅	၁၇။	ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉း၄၅	၁၈။	ဘက်စုံတိုးတက် ဒို့ကျေးလက် (မိုင်းသောက်စံပြကျေးရွာ)
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)(၂)(ကြူနွှာဆွေစီစဉ်ရေးဖွဲ့ပူဇော်သည်)

ယဉ်ကျေးမှုအခြေခံ ခိုင်မာသူများအား အသိဉာဏ်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်အောင် ကူညီစွမ်းဆောင်နိုင်ခဲ့ခြင်းသည် အသင်းကြီး၏ မူလရည်ရွယ်ရင်းကို အကောင်အထည်ဖော်ခြင်းဖြစ်

အမှာစကားပြောကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

✡ **ရှေ့ဖုံးမှ**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)နာယကများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းမှ အသင်းသား အသင်းသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဥက္ကဋ္ဌ ဦးဗိုလ်နီတို့က ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အမျိုးသားဇာတ်ရုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်ကျင်းပ

ယင်းနောက် အခမ်းအနားပထမပိုင်းကို အမျိုးသားဇာတ်ရုံအတွင်း၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေး ဗဟိုနာယကအဖွဲ့ဝင်များ၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဘာသာရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အလှူရှင်များ၊ အသင်းသား အသင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဆုရကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) နှစ်(၁၀၀)ပြည့် ဂုဏ်ပြုတေးသီချင်းကို သီဆို၍ အခမ်းအနားကိုဖွင့်လှစ်သည်။

စတင်ဖွဲ့စည်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နယ်ချဲ့ဗြိတိသျှအစိုးရက မိမိတို့ မြန်မာတစ်နိုင်ငံလုံးကိုသိမ်းပိုက်ပြီး မြန်မာတိုင်းရင်းသားအားလုံးကို သူ့လက်အောက်ခံ ကျွန်ပမာ နှိမ့်ချအုပ်ချုပ်ခဲ့သည့်အတွက် သူ့ကျွန်ဘဝလုံးလုံးကျရောက်ခဲ့ရပြီး ၂၁ နှစ်အကြာ ၁၉၀၆ ခုနှစ် မေ ၁၀ ရက်နေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသားကြီးများဖြစ်ကြသည့် ဦးဘဖေ၊ ဦးမောင်ကြီးနှင့် ဦးဘရင်တို့က ရန်ကုန်မြို့ အမှတ်(၈၆) ၂၈ လမ်းနေ ဦးမောင်ကြီး(ဆာမောင်ကြီး)၏ နေအိမ်၌ Young Men Buddhist Association အတိုကောက်အားဖြင့် (YMBA)ခေါ်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီးကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

အသင်းကြီး၏ အဓိကရည်ရွယ်ချက်မှာ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာတိုးတက်ပြန့်ပွားရေးပင်ဖြစ်ပါကြောင်း၊ ယင်းမွန်မြတ်သည့်ရည်ရွယ်ချက်များသည် သူ့ကျွန်ဘဝတွင်နေရသည့် မြန်မာတစ်မျိုးသားလုံးအတွက် မျိုးချစ်စိတ်ဓာတ် ထွန်းကားပြန့်ပွားရာ မီးရှူးတန်ဆောင်ပမာ လမ်းပြခဲ့ခြင်းဖြစ်ကြောင်း။

စည်းရုံးလှုပ်ရှား

အမျိုးကိုချစ်ပါ၊ ဘာသာရေးကိုလေးစားပါ၊ သာသနာကိုချီးမြှင့်ပါ၊ ပညာကို အားပေးပါဆိုသည့် အသင်းကြီး၏ ကြွေးကြော်သံသည် မြန်မာတစ်မျိုးသားလုံး၏ ရင်ထဲအသည်းထဲကို စိမ့်ဝင်ပျံ့နှံ့သွားပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတို့အတွက် တိုက်ပွဲဝင်ရန် မြန်မာတိုင်းရင်းသား မျိုးချစ်လူငယ် ထောင်ပေါင်းများစွာတို့ကို မျက်စိ၊ နားဖွင့်ပေးခဲ့ကြောင်း၊ ထိုမှတစ်ဆင့် GCBAခေါ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အသင်းချုပ်ကြီး၊ ဝံသာနုအဖွဲ့၊ ကုမ္မာရီအသင်း စသည်ဖြင့် အမြို့မြို့အနယ်နယ်တွင် အသင်းအဖွဲ့များ ဖွဲ့စည်းဖြစ်ပေါ်လာခဲ့ပြီး လွတ်လပ်ရေးအတွက် စည်းရုံးလှုပ်ရှားခဲ့ကြကြောင်း။

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲအောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၁၉၁၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေ အစည်းအဝေးကို ရန်ကုန်မြို့နှင့် နယ်အသီးသီးတွင်ကျင်းပပြီး အသင်းခွဲများ ဖွဲ့စည်းလာခဲ့ကြောင်း၊ ထိုကာလတွင် သူ့ကျွန်မခံလိုသည့် လူငယ်လူရွယ်များသည် အသင်းအဖွဲ့အချင်းချင်း ဆက်သွယ်ပူးပေါင်းပြီး လွတ်လပ်ရေးရရှိရန် ဆုံးဖြတ်စည်းရုံးလာခဲ့ကြကြောင်း၊ ထို့ကြောင့်လည်း **“လွတ်လပ်ရေးအစ ဝိုင်အမ်ဘီအေ”**ကဟု ဆိုစမှတ်ပြုခဲ့ကြခြင်းဖြစ်ကြောင်း။

၁၉၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ဝိုင်အမ်ဘီအေအသင်းချုပ်ကြီးနှင့် အသင်းခွဲများပူးပေါင်းပြီး ပျဉ်းမနားမြို့၌ ကွန်ဖရင့်ကြီးတစ်ရပ်ကျင်းပကာ ပြည်သူတို့၏ လိုလားချက်များကို ဗြိတိသျှအစိုးရထံ တင်ပြ အရေးဆိုခဲ့ကြကြောင်း၊ အသင်းခေါင်းဆောင်ကြီးများဖြစ်ကြသည့် ဦးဘဖေ၊ ဦးမေအောင်၊ ဦးဖေနှင့် ဦးပုတို့သည် ၁၉၁၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်နေ့တွင် အိန္ဒိယသို့သွားပြီး အတွင်းဝန် မွန်တေဂူနှင့် တွေ့ဆုံကာ နိုင်ငံအကျိုးအတွက် အချက်ကိုးချက် တင်ပြတောင်းဆိုခဲ့ကြောင်း၊ ထိုအချက်များထဲတွင် မြန်မာနိုင်ငံ၌ အဆင့်အတန်းမီ တက္ကသိုလ်ကျောင်းတစ်ခု ဖွင့်လှစ်ပေးရန် အချက်တစ်ချက် ပါဝင်ကြောင်း။

ကန့်ကွက်တောင်းဆို

၁၉၁၈ ခုနှစ် မေ ၁၉ ရက်နေ့တွင် ဝိုင်အမ်ဘီအေအသင်းကြီးက ဗြိတိသျှများအပါအဝင် နိုင်ငံခြားသားများ ဘုရားစေတီပုထိုးများ၌ ဖိနပ်စီးခြင်းကို အပြင်းအထန်ကန့်ကွက်ခဲ့ကြောင်း၊ ရွှေတိဂုံစေတီတော်ကြီး၏ အနောက်ဘက်မုခ်ကို ဘုရားဖူးများမဝင်ရဟု ဗြိတိသျှများက တားမြစ်ထားခြင်းကို ဗြိတိသျှအစိုးရထံ ကန့်ကွက်တောင်းဆိုခဲ့ကြကြောင်း။

၁၉၂၀ ခုနှစ် အောက်တိုဘာလတွင် GCBA ဒုတိယအကြိမ် ကွန်ဖရင့်ကျင်းပပြီး မြန်မာနိုင်ငံအနေဖြင့် ဒိုင်အာခီဆိုသည့် ပူးတွဲအုပ်ချုပ်ရေးရုံနှင့် မကျေနပ်နိုင်ကြောင်း၊ ဒိုင်အာခီကို သပိတ်မှောက်ပြီး “ဟုမ္မရူး”ကိုယ်ပိုင်အုပ်ချုပ်ရေးကို တောင်းဆိုခဲ့ကြောင်း။

အမျိုးသားကျောင်းများ

ကျွန်ဘဝ၌ အမျိုးသားပညာရေးနိမ့်ကျနေသည်ကို မရှုရက်နိုင်၍ ဝိုင်အမ်ဘီအေအသင်းကြီးသည် ၁၉၂၂ ခုနှစ် ဇွန် ၁၇ ရက်နေ့တွင် ဂျူဗလီဟော၌ အသင်းချုပ်ကွန်ဖရင့်ကျင်းပပြီး အင်္ဂလိပ်အစိုးရ၏ ကျွန်သက်ရှည်ရေး ပညာရေးဖြစ်သည့် အင်္ဂလိပ်အစိုးရ အထောက်အပံ့ကျောင်းများအဖြစ်က နုတ်ထွက်ပြီး အမျိုးသားကျောင်း (National School)များ အများအပြား စည်းရုံးထူထောင်နိုင်ခဲ့ကြောင်း၊ ဒုတိယကမ္ဘာစစ်ပြီးသည့်အခါ သတိုးသီရိသုဓမ္မ ဦးသိန်းမောင် (တရားလွှတ်တော် တရားရေးဝန်ကြီး)က အသင်းဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး လွတ်လပ်ရေးရသည်အထိ စည်းရုံးလှုပ်ရှား ဆောင်ရွက်ခဲ့သည့်အတွက် **“နိုင်ငံရေးအစ ဝိုင်အမ်ဘီအေက”**ဟူ၍လည်း ပြောစမှတ်ပြုကြသည်ဟု တွေ့ရှိရကြောင်း။

ဝိုင်အမ်ဘီအေအသင်းကြီးသည် အမျိုးသားရေး ဇာတိအားမာန်တို့ကို ဦးဆောင်စည်းရုံး ပျိုးထောင်ပေးလာနိုင်ခဲ့သည့်အတွက် တစ်မျိုးသားလုံးအပေါ် စိုးမိုးချုပ်ချယ်လွှမ်းမိုးခဲ့သော နယ်ချဲ့အစိုးရကို ဆန့်ကျင်ပြီး လွတ်လပ်ရေးရသည်အထိ အထောက်အကူပြုပေးနိုင်ခဲ့ကြောင်း။

အားထုတ်ကြိုးပမ်း

တစ်ဖက်ကလည်း **“အမျိုးကိုချစ်ပါ၊ ဘာသာရေးကိုလေးစားပါ၊ သာသနာကို ချီးမြှင့်ပါ၊ ပညာကိုအားပေးပါ”**ဆိုသည့် ကြွေးကြော်သံများဖြင့် တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားလာအောင် အားထုတ်ကြိုးပမ်းလာခဲ့သည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ဝိုင်အမ်ဘီအေအသင်းကြီးက မျိုးဆက်သစ် ကျောင်းသားကလေးများအား (၃၈)ဖြာမင်္ဂလာစာမေးပွဲကို ဖြေဆိုစေပြီး မြန်မာ့လွတ်လပ်ရေးအောင်ပွဲကြီးကို ကြိုဆိုခဲ့ခြင်းသည် ဤအသင်းကြီး၏ ထူးခြားမြတ်နိုးဖွယ်ကောင်းသော အစဉ်အလာကြီးတစ်ရပ်အဖြစ် ယနေ့တွင် တည်ရှိလာခဲ့ကြောင်း။

အားရကျေနပ်

လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလမှစတင်ပြီး နိုင်ငံရေးလုပ်ငန်းများနှင့် ဆက်စပ်ခြင်းမရှိတော့ဘဲ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာရေးလုပ်ငန်းများကိုသာ တစိုက်မတ်မတ်ဆောင်ရွက်လာခဲ့သည့်အတွက် မျိုးဆက်သစ်လူငယ်မောင်မယ်များအား အတတ်ပညာကို လိုရာရောက်အောင် ထိန်းကျောင်းကွပ်ကဲပေးသော အလိမ္မာပညာများရရှိစေရန် နှစ်စဉ် အားပေးဖြန့်ဝေလာခဲ့သည်ကို တွေ့ရကြောင်း၊ မျိုးဆက်သစ်လူငယ်ကလေးများ၏ ယဉ်ကျေးမှုနှင့်

ဘာသာ စာရိတ္တ ဖွံ့ဖြိုးရင့်သန်စေလိုသည့် ရည်မှန်းချက်နှင့် ၁၉၄၉ ခုနှစ်မှ စတင်ပြီး မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲများ ယနေ့အထိ နှစ်စဉ် တစ်ပြည်လုံးအတိုင်းအတာဖြင့် ကျင်းပလာခဲ့သည်ကိုတွေ့ရပြီး ၂၀၀၄ ခုနှစ် (၅၅)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုသူ ငါးသောင်းခန့်ရှိခဲ့သည့်အတွက် နိုင်ငံနှင့်လူမျိုးအတွက် လွန်စွာအားရ ကျေနပ်ဖွယ်ရာဖြစ်ကြောင်း။

ထို့အပြင် ၁၉၆၇ ခုနှစ်က စတင်ခဲ့သည့် အခြေခံဗုဒ္ဓဘာသာ အဘိဓမ္မာသင်တန်းသည်လည်း (၃၆)ကြိမ်မြောက်အထိ ဆောင်ရွက်နိုင်ခဲ့ပြီး ယဉ်ကျေးမှု အခြေခံခိုင်မာသူများအား အသိဉာဏ်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်လာအောင် ကူညီစွမ်းဆောင်နိုင်ခဲ့ခြင်းသည် အသင်းကြီး၏ မူလရည်ရွယ်ရင်းဖြစ်သည့် အမျိုး၊ဘာသာ၊သာသနာ၊ ပညာမြှင့်တင်ရေးလုပ်ငန်းစဉ်များကို တိတိကျကျ အကောင်အထည်ဖော်နိုင်ခြင်းဖြစ်၍ ကျေနပ်အားရစရာဖြစ်ကြောင်း။

တည်ငြိမ်ခိုင်ခံ့

ဝိုင်အမ်ဘီအေအသင်းကြီးသည် ဗုဒ္ဓမြတ်စွာ သာသနာတော်ထွန်းကားပြန့်ပွားရေးနှင့်ပတ်သက်၍ ထူးခြားပြောင်မြောက်စွာ သမိုင်းမှတ်တမ်းတင်နိုင်လောက်သည်အထိ ထမ်းဆောင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ၁၉၅၀ ပြည့်လွန်ဆဋ္ဌသင်္ဂါယနာ အကြိုပြင်ဆင်မှုကာလများတွင် ဝိုင်အမ်ဘီအေ စာပေဖြန့်ချိရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ပိဋကတ်တော်သန့်ရှင်းရေး၊ ပိဋကတ်တော်မြန်မာပြန်များ ထုတ်ဝေရေးတို့ကို ဆောင်ရွက်ခဲ့ပြီး တိုက်ဆိုင်စိစစ်ပြီးသော ပိဋကတ်ကျမ်းစာအုပ် ၂၈ အုပ်ကို ဦးစီးကျင်းပရေးတာဝန်ယူသည့် ဗုဒ္ဓသာသနာအဖွဲ့ကြီးသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ယနေ့ကာလအထိ ဗုဒ္ဓဘာသာ ကလေးသူငယ်များ နှလုံးသားထဲအထိ စွဲနစ်နိုင်စေသည့် လုပ်ဆောင်ချက်များမှာ ဝိုင်အမ်ဘီအေ ရုပ်စုံဗုဒ္ဓဝင်ပန်းချီစာအုပ်ပင်ဖြစ်ကြောင်း၊ အင်္ဂလိပ်ဘာသာပြန်ဆို ထုတ်ဝေနိုင်ခြင်းကိုလည်း ဝမ်းမြောက်စွာ သာဓုခေါ်ဆိုရမှာဖြစ်ကြောင်း၊ မင်္ဂလာတရားတော်စာပေများအနေဖြင့်လည်း ကျမ်းဂန်တတ်ထင်ရှားသော ဆရာတော်ကြီးများနှင့် ဆရာတော်ကြီးများ ရေးသားသည့် မင်္ဂလာအမြုတေ၊ မင်္ဂလသုတ်လက်စွဲ၊ အခြေပြုမင်္ဂလသုတ်၊ နည်းပြမင်္ဂလာ၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဥက္ကဋ္ဌ ဦးဗိုလ်နီတို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း နှစ်(၁၀၀)ပြည့်ပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှိရှိ၊ ထူးထူးချွန်ချွန်၊ ထက်ထက်မြက်မြက်ရပ်တည်နိုင်ရေးကို ရှေးရှုနေခြင်းဖြစ်ကြောင်း၊ အသင်းကြီးအနေဖြင့် မြန်မာတစ်ပြည်လုံး အခြေခံပညာအထက်တန်းအဆင့် ထူးချွန်သူများကို အားပေးချီးမြှောက်ခြင်း၊ 'ဘဝတွက်တာ သိမှတ်စရာ' မိခင်နှင့်ကလေး ကျန်းမာရေးသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲ အောင်မြင်သူတစ်ဦးအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဘိဓမ္မာသင်တန်းနှင့်ဆက်စပ်၍ ဝိုင်အမ်ဘီအေ အဘိဓမ္မာစေတသိက်များပို့ချချက်၊ ဝိုင်အမ်ဘီအေ အဘိဓမ္မာရုပ်ပိုင်းပို့ချချက် စသည်အားဖြင့် ဖြန့်ဝေနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာစာပေပြန့်ပွားထွန်းကားရေးအနေဖြင့် ၁၉၁၂ ခုနှစ်က ရန်ကုန်မြို့ စဉ့်အိုးတန်းလမ်းနေ ပွဲစားကြီး ဦးမောင်ကြီးက ဘီအိုစီကုမ္ပဏီ အစုရှယ်ယာများဝယ်ယူပြီး ရရှိသော အတိုးအမြတ်ငွေများဖြင့် ပရိယတ္တိသာသနာတော်နှင့် မြန်မာစာပေ တိုးတက်ပြန့်ပွားရေးအတွက် လှူဒါန်းခဲ့၍ ယနေ့ကာလမှာ (၁၅)ကြိမ်မြောက် လှူဒါန်းနိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် မြန်မာငွေကျပ် သိန်းသုံးရာ့လေးဆယ်နီးပါး၊ အက်ဖ်အီးစီ သုံးသောင်းခြောက်ထောင်ကျော်ရှိသည့်အတွက် သာဓုအကြိမ်ကြိမ် ခေါ်ကြရကြောင်း၊ ထူးခြားထင်ရှားသော ပရိယတ္တိကျောင်းတိုက်ကြီးများကို နှစ်စဉ်လှူဒါန်းခဲ့သည့်အပြင် အသိပညာပေး စာပေပြိုင်ပွဲများ၊ စာအုပ်စာစောင်များထုတ်ဝေနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထူးခြားမှုမှာ ၁၉၆၉ ခုနှစ်က စတင်ထုတ်ဝေလာခဲ့သည့် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအကျိုးပြု 'ရတနာမွန်' ဓမ္မစာပေမဂ္ဂဇင်းပင်ဖြစ်ကြောင်း၊ ယခုအချိန်တွင် 'ရတနာမွန်' မဂ္ဂဇင်းအပြင် ၂၀၀၄ခုနှစ် နိုဝင်ဘာလကစတင်ပြီး လူငယ်မျိုးဆက်သစ်များ ထေရဝါဒ ဗုဒ္ဓဘာသာအသိနှင့် အကျင့်တိုးတက်ရေးအတွက် 'မနောသုခ' မဂ္ဂဇင်းကိုပါ ထုတ်ဝေလာခဲ့သည်မှာ အသင်းကြီး၏ တည်ငြိမ်ခိုင်ခံ့သော စွမ်းရည်တစ်ခုဟု ထုတ်ဖော်ချီးကျူးရမည်ဖြစ်ကြောင်း။

ဝိုင်အမ်ဘီအေအသင်းကြီး၏ နှစ်ပေါင်းတစ်ရာကာလအတွင်း အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် ကဏ္ဍအသီးသီး၊ ရှုထောင့်အစုံစုံမှ ရပ်တည်လုပ်ဆောင်ခဲ့သည်များကို တစ်ခုစီပြောရလျှင် ကုန်နိုင်ဖွယ်မရှိကြောင်း။

ယနေ့ နိုင်ငံတော်က အမျိုးသားရေးဦးတည်ချက်အဖြစ် ချမှတ်လုပ်ဆောင်နေသည့် လူမှုရေးဦးတည်ချက်(၄)ရပ်စလုံး၌ အကျုံးဝင် အထောက်အကူပြုနေသည်ကိုလည်း အားရဝမ်းသာစွာ တွေ့ရှိရကြောင်း။

- တစ်မျိုးသားလုံးစိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆိုသည့် အမျိုးသားရေးဦးတည်ချက်များသည် နိုင်ငံတကာအလယ်တွင် သိက္ခာ

မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကာကွယ်ရေး ပညာပေးဟောပြောပွဲများပြုလုပ် ဆောင်ရွက်ပေးခြင်းစသည့် နိုင်ငံ့အကျိုးပြုလုပ်ငန်းများကိုလည်း ပူးတွဲထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ ယခုကဲ့သို့ အသင်းကြီး၏ မွန်မြတ်သော လုပ်ငန်းစဉ်များကို အစဉ်အဆက်တာဝန်ကျေပွန်စွာ ပခုံးပြောင်းထမ်းရွက်လာနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်ပေါင်းတစ်ရာတိတိကာလဆီသို့ ရောက်လာခဲ့ပြီဖြစ်ကြောင်း။

ရလဒ်ကောင်းများ

နှစ်ပေါင်းတစ်ရာကာလအတွင်း အသင်းကြီး၏ ရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့ကြသည့်အခါတွင် အခြေအနေ အချိန်အခါကောင်း၊ စေတနာသဒ္ဓါ၊ လုံ့လအင်အားကောင်းများနှင့် ကြုံဆုံခွင့်ရသည့်အခါ၌ ရလဒ်ကောင်းများကိုရရှိခဲ့ကြသကဲ့သို့ အခြေအနေအချိန်အခါမသင့်၍ စေတနာသဒ္ဓါ၊ လုံ့လအင်အားချွတ်ယွင်းမှုရှိခဲ့သည့်အခါမှာလည်း အားနည်းသိမ်ငယ်သော ရလဒ်များဖြင့် ကြုံတွေ့ခဲ့ကြရသည်မှာ ဓမ္မတာဖြစ်ကြောင်း။

မည်သို့ပင်ဖြစ်စေ နှစ်ပေါင်းတစ်ရာကာလတိုင် ကြံ့ခိုင်တည်တံ့ပြီး လုပ်ငန်းစဉ်များကို အခြေအနေအချိန်အခါပေးသမျှ စွမ်းအားရှိသလောက်လုပ်ဆောင်ခွင့်ရရှိခဲ့ကြသည်မှာ လွန်စွာ ကျေနပ်အားရဝမ်းမြောက်ဖွယ်ကောင်းလှကြောင်း၊ နှစ်ပေါင်းတစ်ရာကာလ၏ အားနည်းချက်နှင့် အားသာချက်များကို ပြန်လည်လေ့လာ ဆန်းစစ် သင်ခန်းစာယူပြီး နှစ်ပေါင်းတစ်ထောင်မက ကာလကြာသည်အထိ တိုးတက်လုပ်ဆောင်နိုင်အောင်ကြံဆောင် အားမွေးကြရမည်ဖြစ်ကြောင်း။

ဤအသင်းကြီးတွင် ခေတ်အဆက်ဆက်က အမျိုး၊ ဘာသာ၊ သာသနာ ပညာအတွက် အားကြိုးမာန်တက်ဆောင်ရွက်လာခဲ့ကြသော ဆရာတော် သံဃာတော်များ၊ ဘိုးဘွားမိဘများအားလုံးတို့အား ဤအခမ်းအနားကြီးမှနေလျက် ပူဇော်ဂုဏ်ပြုကြပါစို့ဟု လေးလေးနက်နက် တိုက်တွန်းလိုကြောင်း။

မွန်မြတ်သောလုပ်ငန်း

အသင်းကြီးအနေဖြင့် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်နှင့်အညီ တစ်မျိုးသားလုံးအတွက် စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးစသည့် မွန်မြတ်သောလုပ်ငန်းများကို လာမည့်နှစ်ပေါင်းထောင်ကျော်မက ဆက်လက်လုပ်ဆောင်သွားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးဗိုလ်နီက နှစ်ပေါင်း(၁၀၀)ပြည့်ပြီဖြစ်သည့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလက်မှတ်ပေးအပ်

ယင်းနောက် ဗုဒ္ဓဘာသာကလျာဏ ယုဝအသင်း(YMBA) နှစ်(၁၀၀)ပြည့် ဂုဏ်ပြုအစီအစဉ်အဖြစ် (၅၇)ကြိမ်မြောက် ဗုဒ္ဓဝင်နှင့်မင်္ဂလာစာမေးပွဲ အောင်မြင်ပြီး မင်္ဂလာစာသင်ဆုရရှိထားသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဗုဒ္ဓဝင်နှင့် မင်္ဂလာစာမေးပွဲအောင်မြင်သော အကြီးတန်းမှ မစုဇင်ဇင်စိုး (မြို့မဓမ္မရိပ်သာကျောင်း ရှင်ပင်ဘုန်းပွင့်လမ်း ပုသိမ်မြို့ ဧရာဝတီတိုင်း)၊ မောင်ထွန်းထွန်းမင်း (ပရဟိတမြို့ရွှေကျောင်း မြန်အောင်မြို့ ဧရာဝတီတိုင်း)၊ မောင်ဖြိုးပြည့်စုံ (ပညာတံခွန်ကျောင်း ဆုံကုန်းရွာ ဘုတလင်မြို့ စစ်ကိုင်းတိုင်း)၊ မအိသူဖြိုး(ပင်လယ် တိုက်ရွှေမန်းအုပ်ကျောင်းဝန်း ၆၇/၆၈ လမ်းကြား မန္တလေးမြို့)နှင့် မဝတ်ရည်ဖြိုး(ဇင်ပွန်းကုန်းကျောင်း ခြောက်အိမ်တန်းကျေးရွာ အိမ်မဲမြို့နယ် ဧရာဝတီတိုင်း) တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က မခေတ္တာရာကြည်(ဇေတဝန်ကျောင်း ပန်းတိမ်းမြို့ဟောင်း ငဖဲမြို့ မကွေးတိုင်း)၊ မဝင်းပပခိုင် (မဟာရုံကျောင်း စကားမြားကျေးရွာ မြောင်းမြမြို့ ဧရာဝတီတိုင်း)၊ မဟေမာလွင် (အထက ငါးသိုင်းချောင်း)၊ မမြတ်မွန်အေး(အထက ရေကြည် ဧရာဝတီတိုင်း)နှင့် မဝါဝါထွန်း (သော်ကမြောင်မျိုးဆက်သစ်လူငယ် ပရဟိတကျောင်း မွန်ပြည်နယ်)တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အလတ်တန်းမှ မောင်သန့်ဇင်လှိုင် (လေတပ်၊ မြစ်ကြီးနားမြို့)၊ မောင်လလင်းအောင်(တောင်စွန်း၊ ဘီးလင်းမြို့)၊ မနှင်းမာ (ဆုံကုန်းရွာ၊ ဘုတလင်မြို့)၊ မလှယမင်းဖြိုး(အလက-၁၊ ပုသိမ်မြို့)၊ မောင်ဇော်ဝင်းထွန်း(ကြာတော်ညောင်ချောင်းရွာ အိမ်မဲမြို့)၊ မအေးဇင်မြင့် (စကားမြားကျေးရွာ မြောင်းမြမြို့)၊ မောင်စည်သူအောင်(သပြေကုန်း မြန်အောင်မြို့)၊ မချောစုမာ(အမက၊ အင်းတိုင် ညောင်ဦးမြို့)၊ မရွှေစင်ဆု (အထက-၄၊ ဗိုလ်တထောင်)နှင့် မဝင်းပပ (ခုနစ်အိမ်တန်း မအူပင်မြို့) တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ခေတ္တရပ်နား

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အငယ်တန်းမှ မစုရွှေရည်ဝင်း (အထက-မြန်အောင်)၊ မအိအိဖြူ(ဆုံကုန်းရွာ၊ ဘုတလင်မြို့)၊ မကြည်ကြည်မေ (ခြောက်အိမ်တန်းကျေးရွာ၊ အိမ်မဲမြို့)၊ မောင်သိန်းစိုးအောင်(သော်ကမြောင် မျိုးဆက်သစ်လူငယ်ပရဟိတကျောင်း၊ မွန်ပြည်နယ်)နှင့် မနှင်းနှင်းဝေ(အဘယာရာမိကာရုံကျောင်း၊ မြစ်ကြီးနားမြို့)တို့အားလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုက မောင်ကျော်မင်းဦး(သရော်ကျေးရွာ၊ ရေစကြိုမြို့)၊ မနွယ်နွယ်ဝင်း(တောင်ခွေးရဲ၊ ဆင်မြီးဆွဲမြို့)၊ မချူးလာဖော (အင်းဖလောင်းကျေးရွာ၊ ဘီးလင်းမြို့)၊ မောင်အိုင်ဟိန်း(ပုဗ္ဗာရုံကျောင်းတိုက်၊ မိုးမိတ်မြို့)နှင့် မဝင်းမြတ်သီဂီ(အလက-၅၊ စစ်တွေ) တို့အားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ယင်းနောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နာယက မဟာသဒ္ဓမ္မဇောတိကဓဇဗိုလ်မှူးကြီးစောမြင့် (အငြိမ်းစား)က မင်္ဂလာဓမ္မဇောတိကဓဇဘွဲ့ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ခင်မြင့်အားလည်းကောင်း၊ ဂျပန်နိုင်ငံမှ အလှူရှင် Mr. Takgi Mitsukazu အား ဂုဏ်ပြုလက်မှတ်ကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗုဒ္ဓဝင်နှင့်မင်္ဂလာစာမေးပွဲတွင် ဆုရရှိကြသောအကြီးတန်းမှ ၁၀ဦး၊ အလတ်တန်းမှ ၁၀ဦးနှင့်အငယ်တန်းမှ ၅၀တို့အား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်း ဥက္ကဋ္ဌ ဦးဗိုလ်နီ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရွှေမင်းဝံဆရာတော် ဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် မေ ၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရ ကျေးဇူးရှင် ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တသောဘန (မဟာ ကမ္မဋ္ဌာနာစရိယ) မထေရ်အား အဂ္ဂမဟာပူဇော်ပွဲကို ၁၃၆၈ ခုနှစ် (ကဆုန်လပြည့်ကျော် ၇ ရက်) မေ ၁၈ ရက် (ကြာသပတေးနေ့)တွင် တပည့်ရဟန်းသံဃာတော်များနှင့် ကင်းဗျာကျေးရွာ၊ အိုးဘိုကျေးရွာ ဒါယကာ ဒါယိကာမများက ထပ်ဆင့် ပူဇော်မည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ ခုနှစ် မေလအတွက်

(၁၄-၅-၂၀၀၆) ရက်နေ့

နှင့်

(၂၈-၅-၂၀၀၆) ရက်နေ့

ညောင်မဟေ အောင်ရေဆက် ရှေးထက်စဉ်လာ

ကဆုန်လပြည့်နေ့သည် “ဗျာဒိတ်၊ ဖွားမြင် ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း”ဟူသော ဆိုစကားနှင့်အညီ ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမဗုဒ္ဓ အမည်ဖြင့် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခြင်း၊ မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရား အလောင်းတော် သိဒ္ဓတ္ထ မင်းသားအား ဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၀၃ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သစ္စာလေးပါးကို သိမြင်တော်မူ၍ သဗ္ဗညုတဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ မဟာသက္ကရာဇ် ၁၄၈ခု ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းဟူသည့် အလွန်ထူးခြားသော ဗုဒ္ဓဝင်မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်အပေါင်းက ကဆုန်လပြည့်နေ့ကို **“ဗုဒ္ဓနေ့”**အဖြစ် သတ်မှတ်လျက် ဘုရားဖြစ်တော်မူစ ကျူးရင့်တော်မူသည့် ဥဒါန်းဂါထာတော်များနှင့် ပဋိစ္စသမုပ္ပါဒ် ပါဠိ ဒေသနာတော်တို့ကို ရွတ်ဖတ်ပူဇော်ပြီး အခါတော်နေ့အဖြစ် ကျင်းပကြသည်။

ကဆုန်လသည် မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်နှင့် ဆက်စပ်မှု ရှိပါသည်။ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ဘဝကပင် ဘုရားဆုပန်ခဲ့သည်။ **ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ခဏ္ဍိက၊ သောဏ္ဍာ၊ ဗုဒ္ဓဟေ**ဟူသည့် ဘုရားရှင်၏ဖွားဖက်တော်ခုနစ်ပါးတွင် အပါအဝင်ဖြစ်သော ဗောဓိညောင်ပင်ကို အမှီပြု၍ ဘုရားရှင်သည် ပုဗ္ဗေနိဝါသဉာဏ်တော်၊ ဒိဗ္ဗစက္ခုဉာဏ်တော်၊ အာသဝက္ခယဉာဏ်တော်တို့ကို ရရှိတော်မူသည့်အတွက် ရှင်မဟာသီလဝံသက ပါရမီတော်ခန်းပျို့၌ “ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်က၊ ချက်ရိုင်ပြည့်စုံ၊ နဝဂုဏ်နှင့်”ဟု စပ်ဆိုတော်မူခဲ့သည်။ တေရသကနိပါတ်တော်လာ ကာလိင်္ဂဗောဓိဇာတ်၌ စေတီတော်များအကြောင်းနှင့် စပ်လျဉ်း၍ “ဘုရားရှင်တို့ အသုံးပြုသော ဗောဓိပင်မြတ်သည် ငါဘုရားသက်တော်ရှိစဉ်ပင် စေတီတော်မည်၏”ဟု မြတ်စွာဘုရားသခင် မိန့်ကြားတော်မူခဲ့သည့်အပြင် ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ်ကပင် ဗောဓိပင်ကိုစိုက်၍ ဘုရားရှင်ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြသည်ကို တွေ့ရှိရသည်။ အရှင်အာနန္ဒာမထေရ် ကြီးမှူး၍ စိုက်ပျိုးကိုးကွယ်ပူဇော်သော ဗောဓိပင်ဖြစ်သောကြောင့် အာနန္ဒာ ဗောဓိပင်ဟု အမည်တွင်လေသည်။

မဟာဗောဓိပင်သည် မြန်မာနိုင်ငံသို့လည်း သာသနာတော်ရောက်ရှိစဉ်ကပင်၊ တစ်နည်း အလွန်ရှေးကျသောခေတ်ကပင် ရောက်နေပြီဖြစ်ကြောင်း၊ မြန်မာပြက္ခဒိန်လများ၏ ဒုတိယမြောက်လဖြစ်သော လကို ကဆုန်လဟု အဓိပ္ပာယ်အားဖြင့် ဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်းကို အစွဲပြု၍ အမည်ပေးထားခြင်းကပင် သိသာသောအချက်ဖြစ်လေသည်။ သက္ကရာဇ်၅၆၃ခုနှစ်ထိုးသင်ကြီးညောင်အုပ်ကျောက်စာ၊ သက္ကရာဇ် ၆၅၃ခုနှစ် ပုဂံမြို့စောလုဝန်းဘုရား ကျောက်စာ အထောက်အထားများအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များ ရှိနေပြီဖြစ်ပေသည်။ သက္ကရာဇ် ၅၃၆ခုနှစ်တွင် ပုဂံ၌ နန်းတက်တော်မူသည့် (အလောင်းစည်သူ၏ မြေးတော်)နရပတိစည်သူမင်းလက်ထက်တွင် အရှင်ကဿပမထေရ် သီဟိုဠ်မှအပြန် မဟာဗောဓိညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒပြာသာဒ်ပုံတော်၊ ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီး နရပတိစည်သူမင်းအား ပေးအပ်ကြောင်းကို မှတ်တမ်းဟောင်းများတွင်လည်းကောင်း၊ ပင်းယခေတ်တွင် ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ခုနှစ်၌ ဗောဓိညောင်ပင်ကို စိုက်ခဲ့ကြောင်းကို သာသနာလင်္ကာရစာတမ်း ၁၂၆ တွင်လည်းကောင်း တွေ့ရှိရသည်။ ဓမ္မစေတီမင်းကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ကြီး၏အနောက်မြောက် ဆံတော်ကြိုလမ်း(ယခု ဝင်ဒါမီယာ)နံဘေးရှိ ကုန်းတော်(ယခုဗောဓိကုန်း)ပေါ်တွင် သီဟိုဠ်ဒက္ခိဏသာခါ ဗောဓိပင်တော်မှရသော မျိုးစေ့ကို စိုက်ပျိုးတော်မူခဲ့ကြောင်း၊ ဘကြီးတော်မင်းလက်ထက် သက္ကရာဇ် ၁၁၉၆ခုနှစ်တွင် ဝန်ထောက်မင်းကြီး မဟာစည်သူ၊ စာရေးကြီး မင်းလှနန္ဒကျော်ထင်တို့ မဇ္ဈိမဒေသဗုဒ္ဓဂယာမှ ပင့်ဆောင်လာသည့် မဟာဗောဓိပင်တော်ကို ရွှေနန်းတော်၏အနောက်တောင် အလုံဝန်ကြီး ကိုးကွယ်သည့် ကျောင်းတိုက်အတွင်း မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့ကြောင်း၊ ပဥ္စမသံဃာယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၂၂ခု နတ်တော်လပြည့်ကျော် ၆ ရက်နေ့တွင် မန္တလေးဗောဓိ ကုန်းရပ်၌ သီဟိုဠ်ရဟန်းတော်တို့ စေလွှတ်ပို့သလိုက်သော ဗောဓိပင် နှစ်ပင်တို့ကို မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးကိုးကွယ်တော်မူပြီးနောက် ၁၂၂၇ ခုနှစ် ကဆုန်လတွင် မဇ္ဈိမဒေသမဟာဗောဓိပင်တော်အရပ်က ဆောင်ယူဆက်သသည့် ဗောဓိပင်တော်ကို မန္တလေးနန်းတော်၏ မြောက်မျက်နှာ

တင်ထွန်း (အစိုးရတိုင်းရင်းဆေး)

ကျောက်တော်ကြီးဘုရား မဟာရံတံတိုင်းအတွင်းတွင် မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့ကြောင်း သိရသည်။

ကဆုန်ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာရခြင်းကို ဆန်းစစ်ကြည့်လျှင် ရှေးမြန်မာတို့၏ မြင့်မြတ်သောရည်ရွယ်ချက်နှစ်ခုဖြစ်သည့် “မဟာဗောဓိညောင်ပင်များ မညှိုးမနွမ်း စိမ်းလန်းရှင်သန်စေရန်နှင့် ဆွေ့ဆွေ့ခုန်အောင် ပူပြင်းလှသည့် ဤကဆုန်လတွင် မိုးရွာသွန်းစေရန်” ဟူသည့် ရည်ရွယ်ချက်နှစ်ခုကို အခြေပြုလေသည်။ ဗုဒ္ဓဘာသာဝင်တိုင်း အထွတ်အမြတ်ဖြစ်သော ပရိဘောဂစေတီထိုက်သည့် ဗောဓိညောင်ပင်များ ညှိုးနွမ်းပျက်စီးခြင်းမရှိဘဲ လန်းဆန်းရှင်သန်စေရန် ရေလောင်းပူဇော်သည့် မြန်မာ့ယဉ်ကျေးမှုဓလေ့ကောင်းကို ဖော်ဆောင်လိုက်ကြခြင်းဖြစ်သည်။

ပုဂံခေတ်၊ ပင်းယခေတ်တို့တွင် ညောင်ရေသွန်းလောင်းခြင်းဓလေ့ ရှိနေပြီဖြစ်ကြောင်း ကျောက်စာများက ပြဆိုသည်။ ကဆုန်လတွင် ကျင်းပသော ညောင်ရေသွန်းပွဲတော်သည် ဘုရင်မင်းမြတ်ကိုယ်တိုင် ကြီးမှူးကျင်းပသဖြင့် အလွန်ကြီးကျယ်ခမ်းနားစည်ကားလှသည်။ အင်းဝစသည့် ရှေးခေတ်များ၌ မြန်မာ့ရွှေနန်းတော်ကြီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကြီးကို ကျင်းပရန် ကဆုန်လဆန်း ၁၄ရက်နေ့မှ စတင်၍ ကြိုတင်ပြင်ဆင်ထားကြရသည်။ ရေခပ်သွား၊ ရေခပ်ပြန်တို့၌လည်း အခမ်းအနားဖြင့် စနစ်တကျသွားကြပြန်ကြရသည်။ ရေခပ်သွားရာမှ ပြန်လာသည့်အခါ ပွဲသဘင်တော်ခံကြရသည်။ ပွဲသဘင်တော်ခံရာသို့ မင်းသား၊ မင်းမြေး၊ မှူးမတ်အားလုံးတို့ တက်ရောက်ကြရ၏။ ထို့နောက် လပြည့်နေ့နံနက်၌ မြို့တွင်း၊ မြို့ပြင်ရှိ စေတီပုထိုးများနှင့် ဗောဓိညောင်ပင်များကို ညောင်ရေသွန်းကြရသည်။ မှူးတော် မတ်တော်များနှင့်တကွ ပြည်သူများကလည်း ညောင်ရေသွန်းလောင်းကြသည်။

ကဆုန်လသည် နွေဥတုကာလ၏ ဗဟိုချက်မအလယ်ကျသောလ ဖြစ်ပြီး အပူရှိန်လွန်ကဲကြောင်း၊ ဤလတွင် ဝိသာခါ နက္ခတ်သည် လမင်းနှင့်အတူ ကောင်းကင်တွင် ယှဉ်ပြိုင်ထွန်းပကြောင်း၊ ရာသီပန်း အနေဖြင့် စကားဝါဖြစ်ကြောင်းနှင့် ကဆုန်လတွင် ညောင်ရေသွန်းကြပုံတို့ကို စာဆိုတော် ဦးပြုံးချိုက “နေနန်းရယ်တဲ့ ဖလ်သူရိန်၊ တန်ခိုးဥဏှာဂုနဲ့၊ ကဆုန်ဟူသည် မာသမှာ၊ ပြင်းပြပူရှိန်၊ ဝိသာခါ ယှဉ်ပြိုင်ဝန်းပါလို့၊ ထွန်းလှတဲ့ငွေတာရိန်ငယ်၊ ဒွတ္တိံသနေ့စွဲ၊ ပန်းစကားဝါ၊ နန်းဘမရာကေသီဆင်းလို့၊ ရွှေပြည်ခွင်ဗိုလ်ပါရယ်တို့၊ ငြိမ့်ညောင်းအောင်၊ ထာဝစဉ်ဖြင့် ခါသဘင်ညောင်ရေသွန်းကြတယ် လွမ်းစရာပွဲ”ဟု လေးဆစ်သဖြန်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။ ကဆုန်လပြည့်နေ့ ကျရောက်လာတိုင်း မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ရွာဒေသအသီးသီး၌ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ကျင်းပဆင်နွဲလေ့ရှိကြလေသည်။ နှစ်စဉ် ညောင်ရေသွန်းအဖွဲ့ပေါင်းစုံသည့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် အင်္ဂါထောင့်၌ ညောင်ရေသွန်းသည့်အခါ ကြည်နူးဖွယ်ကောင်းလှသည်။

ရွှေတိဂုံညောင်ရေသွန်းပွဲတော်ကို ၁၂၈၈ ခုနှစ်က စတင်ကျင်းပခဲ့သည်ဟု သိရပြီး ညောင်ရေတော်သွန်းလောင်းပူဇော်သည့် ဗောဓိပင်မြတ်သည် ဘုရားပွင့်တော်မူရာ မဟာဗောဓိပင်မှ အစေ့ကိုယူ၍ မဟာဗောဓိအသင်းက စိုက်ပျိုးထားသော မယ်ဒက်ဆရာတော် မဟာဗောဓိပင်မြတ်ဖြစ်သည်။ ရန်ကုန်မြို့၌ ရွှေတိဂုံစေတီတော်တွင်သာမက အခြားစေတီဘုရားများတွင်ပါ ညောင်ရေသွန်းပွဲတော်ကို တခမ်းတနား ကျင်းပကြသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်နှင့်အတူ သက်ကြီးပူဇော်ပွဲများပြုလုပ်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အလှူဒါနပြုခြင်း၊ တရားဘာဝနာပွားများ အားထုတ်ခြင်း ပြုကြသည်။

သို့ဖြစ်ရာ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းသည် ဒါန၊ သီလ၊ ဘာဝနာတည်းဟူသော ကောင်းမှုကုသိုလ်ပြုလျက် ဘုရားရှင်ဖွားမြင်တော်မူသောနေ့ အထိမ်းအမှတ်ကို ပူဇော်ရာရောက်သည့် **“ညောင်မဟေတွင် အောင်ရေ ဆက်ကြသည့် ရှေးထက်အစဉ်အလာ”**ကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။ ။

ကဆုန်လပြည့်နေ့သည် “ဗျာဒိတ်၊ ဖွားမြင် ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း” ဟူသော ဆိုစကားနှင့်အညီ ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော ဂေါတမဗုဒ္ဓ အမည်ဖြင့် ဘုရားစင်စစ်ကေန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှ နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့တွင် ခံယူခြင်း၊ မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားအား ဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၀၃ခု ကဆုန်လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဂေါတမဘုရားအလောင်းတော်သည် သစ္စာလေးပါးကို သိမြင်တော်မူ၍ သဗ္ဗညုတဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ မဟာသက္ကရာဇ် ၁၄၈ခု ကဆုန်လပြည့်နေ့တွင် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းဟူသည့် အလွန်ထူးခြားသော ဗုဒ္ဓဝင်မှတ်တိုင်ကြီးများကို စိုက်ထူခဲ့သော နေ့ထူးနေ့မြတ်ဖြစ်။

ကဆုန်လပြည့် ရက်မြတ်နေ့

* ကဆုန်လပြည့်
ရက်မြတ်နေ့ကား၊ ခပ်သိမ်းရှင်ပင်
ဘုရားရှင်တို့၊ လေးအင်သစ္စာ
သိမြင်လာကြ၊ ဘဒ္ဒကမ္ဘာ
ဒီပါဇမ္ဗူ၊ ငါးဆူဘုရား
တစ်ပါးပါဝင်၊ ဂေါတမရှင်မြတ်
ဖွားမြင်တော်မူ၊ ပွင့်တော်မူ၏
ပရိနိဗ္ဗာန်၊ စံလွန်ကံကုန်
ကဆုန်လပြည့်၊ ဤရက်နေ့ပင်.....။

* ဂေါတမလောင်းလျာ
သုမေဓာလည်း၊ နိယတဗျာဒိတ်
ရက်ထွတ်ထိပ်တွင်၊ ခံယူစိတ်သန်
ရက်မှန်ကဆုန်လပြည့်ပင်.....။

* မဟာဗောဓိပင်
ရှင်သန်ပေါက်လျက်၊ မြတ်သည်ထက်မြတ်
ရက်မြတ်လမြတ်ချိန်ခါပင်.....။

* ပန်းရွှေစကားဝါ
ဝိသာခါနှင့်၊ တာရာခြံရံ
ခြွေရံဝန်းခ၊ လမြတ်အမှန်
ရွှေနိုင်ငံသား၊ အများပြည်သူ
ဆုယူရွှင်လန်း၊ ညောင်ရေသွန်းကြ
ထွတ်မြတ်လအခါ၊ မေတ္တာဝေကြ
ဆန္ဒညီတူ၊ ကြည်ဖြူကြသည်
မြန်မာ့အလှပန်း၊ ငြိမ်းအေးချမ်းလျက်
လန်းဆန်းသင်းပျံ့နေမြဲအစဉ်......။ ။

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်အောင် အစွမ်းကုန်ကြိုးပမ်း အားသာချက်၊ အားနည်းချက်များသုံးသပ်၊ ပြုပြင်သင့်သည်များချက်ချင်းဆောင်ရွက် ထုတ်လုပ်သည့်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရန် စနစ်တကျစီမံ

ရန်ကုန် မေ ၉

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် မေ ၇ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်းရှိ ကနောင်ခန်းမ၌ မန္တလေးတိုင်းစစ်မှုထမ်းဟောင်းအဖွဲ့(စည်ပင်ပြင်ပ) နယ်မြေရှိ မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံ၊ ရမည်းသင်းနှင့် ညောင်ဦးခရိုင်များမှ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ) ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ၂၆မြို့နယ်မှ စစ်မှုထမ်းဟောင်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မန္တလေးခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်က ခရိုင်ခုနစ်ခရိုင်နှင့် မြို့နယ် ၂၆မြို့နယ်တို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ ဖွဲ့စည်းပုံအခြေအနေများ၊ အဖွဲ့ဝင် အင်အားနှင့် အရန်အဖွဲ့ဝင်အခြေအနေ၊ စီးပွားရေး၊ မွေးမြူရေးနှင့် အထွေထွေကိစ္စရပ် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(စည်ပင်ပြင်ပ)ရှိ ခရိုင်ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့များက ရှင်းလင်းတင်ပြရာ ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက စစ်မှုထမ်းဟောင်းများ၏ စီးပွားရေးနှင့်လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးမြင့်ကြီးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သက်သာချောင်ချိရေးအခြေအနေများ ဆောင်ရွက်ထားမှုကိစ္စများကို ရှင်းလင်းတင်ပြသည်။

အထွေထွေကိစ္စရပ်များတင်ပြ

ယင်းနောက် အမရပူရ၊ ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူ၊ သပိတ်ကျင်း၊ မိုးကုတ်၊ ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး၊ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ဝမ်းတွင်း၊ငါန်းဇွန်၊ တောင်သာနှင့် ညောင်ဦးမြို့နယ်များမှ စစ်မှုထမ်းဟောင်း ကိုယ်စားလှယ်များက အဖွဲ့ဝင်အင်အားနှင့် အထွေထွေကိစ္စရပ်များကို အသီးသီးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဗဟိုစည်းရုံးရေးကော်မတီဝင် ဝန်ကြီး ဦးအောင်သောင်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ မန္တလေး၊ ပြင်ဦးလွင်၊ကျောက်ဆည်၊မိတ္ထီလာ၊ မြင်းခြံနှင့်ညောင်ဦးခရိုင်များရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ် ၂၉မြို့နယ်တို့မှ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက တိုင်း၊ခရိုင်နှင့် မြို့နယ်များအတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် မိုးကုတ်၊ သပိတ်ကျင်း၊ စဉ့်ကူ၊ မတ္တရာ၊ ပြင်ဦးလွင်နှင့် ညောင်ဦးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများက မိမိတို့ဒေသ နယ်ပယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အသီးသီးတင်ပြကြပြီး အတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

ချက်ချင်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မြန်မာ့စားသောက်ကုန်လုပ်ငန်းရှိ ကနောင်ခန်းမ၌ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့အတွင်းရှိ တိုင်းဦးစီးမှူးများ၊ စက်ရုံမှူးများနှင့် တွေ့ဆုံရာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် ၂၀၀၆–၂၀၀၇ခု ဘဏ္ဍာရေးနှစ်၏ အစဖြစ်သည်နှင့်အညီ ယခုကပင် ပေးအပ်ထားသော ရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ပြီးခဲ့သော ဘဏ္ဍာရေးနှစ်၏ အားသာချက်၊ အားနည်းချက်များကို ခြုံငုံသုံးသပ်ပြီး ပြုပြင်သင့်သည်တို့ကို ချက်ချင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ထုတ်လုပ်မှုလုပ်ငန်းများ အစဉ်ကောင်းမွန်စေရန် အခြေခံလိုအပ်ချက်များ မပြတ်ဖြည့်ဆည်းထားရန်လိုကြောင်း၊ ကြိုတင်မျှော်မှန်းတွက်ချက်ပြီး ကုန်ကြမ်း လိုအပ်ချက်များ မပြတ်အောင် ဖြည့်ဆည်းထားရန်၊ ကုန်ထုတ်လုပ်မှုရည်မှန်းချက်တာဝန်များ ပြည့်မီကျော်လွန်ရန်၊ စက်စွမ်းအားပြည့် လည်ပတ်နေရန်၊ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရန်နှင့် ခြိုးခြံချွေတာရန်၊ စနစ်တကျ အစီအမံများထားရှိ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့လုပ်ငန်းများအပေါ် စေတနာထားကာ လုံ့လ၊ ဝီရိယ စိုက်ထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း စသည်ဖြင့် ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

အမှတ်(၂)စက်မှုဝန်ကြီး ဗိုလ်ချုပ်စောလွင် ရေတာရှည် သာဂရစက်မှုနယ်မြေစစ်ဆေး

နေပြည်တော် မေ ၉

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည်တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ကြည်က စီမံကိန်းနယ်မြေအတွင်း စက်ရုံအဆောက်အအုံများနှင့် အုပ်ချုပ်မှုအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေလှောင်ကန် တည်ဆောက်မှုအခြေအနေတို့ကိုလည်းကောင်း၊ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မင်းက မြေထိုးစက်နှင့် မြေတူးစက်ထုတ်လုပ်မှု စက်ရုံစီမံကိန်းတည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း၊ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ (သာဂရ)မှ အထွေထွေမန်နေဂျာ ဦးအေးသောင်းက အလုပ်ရုံတစ်ရုံချင်းအလိုက် တည်ဆောက်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အားရရှိမှု အခြေအနေတို့ကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက စက်ရုံစီမံကိန်းလုပ်ငန်းများကို လအလိုက် လုပ်ငန်းလျာထားချက်များရေးဆွဲ၍ လျာထားချက်အတိုင်း ပြီးစီးစေရန် ကြပ်မတ်ဆောင်ရွက်ရေး၊ အဆောက်အအုံများ ဆောက်လုပ်ရာတွင် စရိတ်သက်သာပြီး လက်ရာလက်သားကောင်းမွန်ရေးနှင့် စီမံကိန်းနယ်မြေ စိမ်းလန်းစိုပြည်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် စက်မှုနယ်မြေအတွင်း ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ စီမံကိန်း၏ စက်ပစ္စည်းအလုပ်ရုံ(၁)နှင့် မာရှိန်ပြောင်း အလုပ်ရုံတည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အလုပ်ရုံတစ်ရုံချင်းအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ရေးနှင့် စက်ရုံအတွင်း လမ်းများကို မိုးမကျမီ ဖောက်လုပ်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းနယ်မြေအတွင်း မြေတူးစက်နှင့် မြေထိုးစက်ထုတ်လုပ်မှု စက်ရုံတည်ဆောက်မည့် နေရာသို့သွားရောက်၍ မြေနေရာပြုပြင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ချီးကျူးပူဇော်ပွဲ ကျင်းပရေးညှိနှိုင်းစည်းဝေး၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြား

ရန်ကုန် မေ ၉

(၁၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်၉နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိပိဋကဓရ ချီးကျူးပူဇော်ပွဲကျင်းပရေးအဖွဲ့နာယက သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိပိဋကဓရ ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)**လုပ်ငန်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဝိုင်းဝန်းဆွေးနွေး

ထို့နောက် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး အထွေထွေကိစ္စများကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မေ ၈ရက်က မြောက်ဥက္ကလာပမြို့နယ်ကြက်ခြေနီအသင်း၏ ၂၀၀၆ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့ ဂုဏ်ပြုမိတ်ဆုံစားပွဲနှင့် ထူးချွန်တပ်ဖွဲ့ဝင်များအားဂုဏ်ပြုပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်းက ထူးချွန်တပ်ဖွဲ့ဝင်တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

✡ **ကျောဖုံးမှ**

ပျိုးထောင်ထားမှုနှင့်ခြံစည်းရိုးကြက်ဆူပင် အပင် ၅၀၀၀ သုတေသနစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က စိုက်ခင်းအတွင်း ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် လားရှိုးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်သို့ ရောက်ရှိပြီး စေတီတော်အတွင်း ပူဇော်ထားရှိသည့် အထက်ပစ္စယာ ဂန္ဓကုဋိတိုက်တွင် ကိန်းဝပ် စံပယ်တော်မူမည့် ယခင်ပတ္တမြားမျက်ရှင် ဆင်းတုတော်နှင့် ပုံစံတူ ရွှေစင်ပတ္တမြားမျက်ရှင် ဆင်းတုတော်၊ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်နှင့် ပုံစံတူများဖြစ်သော ပတ္တမြားမျက်ရှင် စေတီတော်နှင့် နီလာစေတီတော်တို့ကို ဖူးမြော်ကြည်ညိုကာ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စေတီတော်အတွင်း ရေးဆွဲထားသော ဗုဒ္ဓဝင်ပန်းချီကားများနှင့် မြန်မာမှုလက်ရာများကို ကြည့်ရှုကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လားရှိုး-သီပေါ-ကျောက်မဲ-နောင်ချိုလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး သီပေါမြို့အဝင် ဒုဋ္ဌဝတီမြစ်ကူး သီပေါတံတားထိပ်သို့ ရောက်ရှိရာ ကျောက်မဲမြို့နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာပြီး သီပေါမြို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျောက်မဲမြို့အဝင် အေးရှားဝေါလ်ကုမ္ပဏီလီမိတက် တိုးဂိတ်ရှင်းလင်းဆောင်သို့ ရောက်ရှိကာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခရိုင်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ကျောက်မဲခရိုင်၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ မေးမြန်းပြီး အမှာစကား ပြောကြားရာတွင် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသော ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ၊ ဌာနဆိုင်ရာလုပ်ငန်းများကို စေတနာ အပြည့်အဝထား၍ အကြံကောင်း ဉာဏ်ကောင်းဖြင့် ဝိုင်းဝန်း ကြိုးပမ်းထမ်းဆောင်ကြရန်လိုကြောင်း။

ဒေသခံတိုင်းရင်းသား ပြည်သူများသာမက အထက်ဌာနဆိုင်ရာ တာဝန်ရှိသူများကပါ ယုံကြည်စိတ်ချအားကိုးအားထားပြုနိုင်အောင် အစဉ်ကြိုးပမ်းနေမည်ဖြစ်ကြောင်း။

စည်းရုံးဆောင်ရွက်

သို့ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ခံများသာမကဘဲ အောက်ခြေအဆင့်ဝန်ထမ်းများအထိ အသိတရားရှိရှိ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရေး အသိပညာပေး စည်းရုံးဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သီပေါ-နောင်ချိုလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာလာကြပြီး နောင်ချိုမြို့နယ် မိုင်တိုင် (၈၄/၀)မိုင်ရှိ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသော သံကူကွန်ကရစ်အမျိုးအစားအုတ်တွင်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ အေးရှားဝေါလ်ကုမ္ပဏီလီမိတက် တံတားတည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာဦးချစ်ထွန်းက တံတားတည်ဆောက် ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လုပ်ငန်းများသတ်မှတ်ချိန်မီ ပြီးစီးရေး၊ စံချိန်စံညွှန်းမီတည်ဆောက်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်ရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့သို့ရောက်ရှိပြီး မေ၈ရက်တွင် မန္တလေးမြို့မှတစ်ဆင့် နေပြည်တော်မြို့တော်သို့ ညနေပိုင်းတွင် ရောက်ရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့်စပ်လျဉ်း၍ ဟောပြောပို့ချ

ရန်ကုန် မေ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့နံနက် ၉နာရီမှ ၁၂နာရီအထိ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပြုလုပ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၀)မှ သင်တန်းသား ၁၀၀တို့အား အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ဟောပြောပို့ချကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာစရိယပူဇော်ပွဲ

ရန်ကုန် မေ ၉

မရမ်းကုန်းမြို့နယ် အမှတ် (၂)ရပ်ကွက် အထက်ဗဟိုလမ်း မီးပွိုင့်အနီး သဇင်သမဝါယမရှေ့ရှိ ရတနာမဉ္ဇူကျောင်းတိုက်၊ ဇေယျာမင်းကျောင်းတိုက်၊ မင်္ဂလာသုခကျောင်းတိုက်တို့၏ ဆရာတော် ဦးပညိန္ဒ (B.A) အား အာစရိယ ပူဇော်ပွဲကို မေ ၁၄ ရက် မွန်းတည့် ၁၂နာရီတွင် မင်္ဂလာသုခကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်ရာ ရတနာမဉ္ဇူကျောင်းသား ကျောင်းသူဟောင်းများ အားလုံးတက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှောင်ခိုနှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

ရန်ကုန် မေ ၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေးသည် အတွင်းရေးမှူး ဒေါ်ထူးရော်၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲခေါင်းဆောင် ဒေါ်ခင်မေစိုး၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ငွေငွေ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ လုပ်ငန်းအဖွဲ့ခွဲဝင်များနှင့်အတူ ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်အတွင်း အမျိုးသမီးငယ်လေးများအား မြို့နယ်ခန်းမ၌ အမျိုးသမီးရေးရာ စကားဝိုင်းဖြင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

အဆိုပါ အမျိုးသမီးရေးရာစကားဝိုင်းသို့ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ဒေါပုံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်အတွင်းမှ အမျိုးသမီး ၂၀၀ တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

အခမ်းအနားတွင် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးတပ်ဖွဲ့မှ ဒုရဲမှူး ဥမ္မာရင်မိက လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် ဥပဒေရေးရာများကိုလည်းကောင်း၊ ပါမောက္ခ ဒေါ်ငွေငွေ **(အပေါ်ပုံ)**က အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ဟောပြောကာ တက်ရောက်လာသူများက သိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စားအုန်းဆီသင်္ဘောများ အဆက်မပြတ်ရောက်ရှိ

ရန်ကုန် မေ ၉

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံများမှ စားအုန်းဆီများကိုတင်သွင်းကာ ပြည်သူလူထုသို့ သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိရာ စားအုန်းဆီတန်ချိန် ၂၉၀၀ ပါ MT-AMA-3 သင်္ဘောသည် မေ ၄ ရက်တွင် အေးရှားဝေါလ် ဆိပ်ကမ်း၌ ဆိုက်ကပ်ခဲ့ပြီးဖြစ်သည်။

စားအုန်းဆီတန်ချိန် ၂၀၀၀ ပါ MT-Pacific Marine သင်္ဘောသည်လည်း ယနေ့ ညနေ ၅ နာရီတွင် အေးရှားဝေါလ် ဆိပ်ကမ်းသို့ ထပ်မံဆိုက်ကပ်လာရာ **(ယာပုံ)** တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

မေ ၁၁ ရက်နှင့် မေ ၁၄ ရက်များတွင်လည်း စားအုန်းဆီသင်္ဘောများ အဆက်မပြတ် ထပ်မံဆိုက်ကပ်ရန်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စတုတ္ထအကြိမ် စာပေညီလာခံအား ကြိုဆိုဂုဏ်ပြု ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်း

ရန်ကုန် မေ ၉

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်းရှိ မြို့နယ်ရုံးနှင့်ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ် စာပေညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒုတိယအကြိမ်မြောက် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁နာရီတွင် မြို့နယ်ရုံး၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် အလှူရှင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)၏ ဇနီး ဒေါ်နုယဉ်က မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ရီရီလွင်က မြို့နယ်စာကြည့်တိုက်များကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးခင်ဆွေ(ရွှေစွန်ညို)နှင့် ဇနီး ဒေါ်နုယဉ်တို့ဦးဆောင်ပြီး ရန်ကုန်မြို့မှ အလှူရှင်များစုပေါင်း၍ သုတ၊ ရသစာအုပ်မျိုးစုံ စုစုပေါင်း အုပ်၁၅၆၀ တန်ဖိုးငွေ ကျပ် ၂၁၇၆၃၀ကို ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲဆက် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့ အကြိုဗိုလ်လုပွဲတက်

ရန်ကုန် မေ ၉

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၁၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်းနှင့် ပဒေသာအားကစားကွင်းတို့၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်တိုင်းနိုင်

တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ရန်ကုန်တိုင်းအသင်းနှင့် ပဲခူးတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ရန်ကုန်တိုင်းအသင်းမှ စုငြိမ်းအေးက ရရှိသည်။

မန္တလေးတိုင်းနိုင်

အောင်ဆန်း အားကစားပြိုင်ကွင်း၌ မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အသင်းတို့ ယှဉ်ပြိုင် ကစားရာ မန္တလေးတိုင်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပွဲစဉ်အလိုက်အကောင်းဆုံး ဘောလုံးသမားဆုကို မန္တလေးတိုင်း အသင်းမှ အိအိမွန်က ရရှိသည်။

ရန်ကုန်တိုင်းအသင်းနှင့် မန္တလေးတိုင်းအသင်းတို့သည် မေ ၁၂ ရက်တွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

မေ ၁၀ရက်**(ယနေ့)**ညနေ ၃ နာရီခွဲတွင် ကွာတားဖိုင်နယ် ပွဲစဉ်များကို ဆက်လက် ကျင်းပမည်ဖြစ်ရာ အောင်ဆန်း အားကစားပြိုင်ကွင်း၌ စစ်ကိုင်းတိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

တောတောင်ရယ် သာစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကမ္ဘာတစ်လွှား အားကစား

ရင်ခုန်ခံစား ဂျာမနီကမ္ဘာ့ဖလား အီတလီအသင်း၏ ပြင်ဆင်မှုအနေအထား

စုစည်းတင်ပြသူ **မြင့်မောင်စိုး**

ရောမ မေ ၉

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို ဂျာမနီနိုင်ငံ၌ ဇွန် ၉ ရက်မှ ဇူလိုင် ၉ ရက်အထိ တစ်လကြာ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်အသင်း ၃၂ သင်း၏ ခြေစစ်ပွဲအောင်ရန် ကြိုးစားခဲ့ရပုံများကို မြန်မာ့အလင်း ဘောလုံးဝါသနာရှင်များအတွက် နေ့စဉ် တစ်သင်းနှုန်းဖြင့် ရေးသားဖော်ပြလျက်ရှိပါသည်။

ရေးသားဖော်ပြ

အုပ်စု(က)မှ ဂျာမနီ၊ ကော့စတာရီကာ၊ ပိုလန်နှင့်အီကွေဒေါ၊ အုပ်စု(ခ)မှ အင်္ဂလန်၊ ပါရာဂွေး၊ ထရီနီဒက်နှင့်တိုဘာဂိုနှင့် ဆွီဒင်၊ အုပ်စု(ဂ)မှ အာဂျင်တီးနား၊ အိုင်ဗရီကို့စ်၊ ဆားဘီးယားနှင့်မွန်တီနီဂရိုနှင့် နယ်သာလန်၊ အုပ်စု(ဃ)မှ မက္ကဆီကို၊ အီရန်၊ အင်ဂိုလာနှင့်ပေါ်တူဂီအသင်းတို့၏ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်ရန် ကြိုးပမ်းခဲ့ရမှုများကို ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။

ယနေ့တွင် အုပ်စု(င)မှ နာမည်ကြီး အီတလီအသင်း၏ ကမ္ဘာ့ဖလားအတွက် ပြင်ဆင်ထားမှုများကို Yangon Entertainment Ltd. မှရရှိသော သတင်းအချက်အလက်များကို ကိုးကား၍ ရေးသားဖော်ပြလိုက်ပါသည်။

အီတလီအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဥရောပဇုန် အုပ်စု(၅)မှအုပ်စုပထမရပြီး ခြေစစ်ပွဲအောင်လာသော အသင်းဖြစ်သည်။ အီတလီကစားသမားများ၏ ခြေစွမ်းအားကြောင့် ခြေစစ်ပွဲတစ်လျှောက် တစ်ပွဲသာအရှုံးရှိခဲ့သည်။ ပွဲတိုင်းတွင် အခက်အခဲများကို ကျော်လွှားကာ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဆီသို့ အရောက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

အီတလီအသင်းနည်းပြ မာဆယ်လိုလစ်ပီ။ (ဓာတ်ပုံ-အင်တာနက်)

စမ်းသပ်မှု

ကမ္ဘာ့ဖလားချန်ပီယံ သုံးကြိမ်ဖြစ်ခဲ့ဖူးသည့် အီတလီအသင်းသည် ၂၀၀၄ခုနှစ် ဥရောပပြိုင်ပွဲဖိုလ်လုပွဲ၌ ပြင်သစ်အသင်းကို အချိန်ပိုရွှေဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲကြီးများတွင် အောင်မြင်မှုကြီးကြီးမားမား မရခဲ့၍ လာမည့် ဂျာမနီ ကမ္ဘာ့ဖလားမှာ အီတလီအတွက် ကြီးမားသောစမ်းသပ်မှုကြီးပင်ဖြစ်သည်။

အသင်းကြီး

အီတလီအသင်းသည် ကမ္ဘာ့ဘောလုံးဇာတ်ခုံတွင် အခက်အခဲများကြုံတွေ့ပြီး အောင်မြင်မှု မရဖြစ်နေပေမည့် ဂုဏ်ယူထိုက်သောအသင်းကြီး တစ်သင်းဖြစ်သည်။ အောင်မြင်မှုနှင့် ဝေးကွာနေသော်လည်း ၎င်းတို့၏ ကြိုးစားမှု၊ ရည်မှန်းချက် ပြင်းထန်မှုများကြောင့် အလေးထားရမည့် အသင်းတစ်သင်းအဖြစ် ရှိနေဆဲဖြစ်သည်။

ပြသခွင့်ရ

အီတလီအသင်းနည်းပြ မာဆယ်လိုလစ်ပီကတော့ ခြေစစ်ပွဲတွေဟာ ယင်းတို့အတွက် လွယ်ကူလွန်းခဲ့သည့်အတွက် ၎င်းတို့၏ ထက်မြက်သော ခြေစွမ်းများကို ဂျာမနီကမ္ဘာ့ဖလားမှာသာ ပြသခွင့်ရလိမ့်မည်ဟု ဆိုထားသည်။

အီတလီလက်ရွေးစင်ဘောလုံးအသင်း။ (ဓာတ်ပုံ-အင်တာနက်)

၁၉၈၂ ခုနှစ် ကမ္ဘာ့ဖလားတွင် အီတလီအသင်းသည် ယခုကဲ့သို့ လွယ်လွယ်ကူကူနှင့် ကမ္ဘာ့ဖလား ခြေစစ်ပွဲ အောင်ခဲ့ပြီး ကမ္ဘာ့ဖလားကြီးကို ဆွတ်ခူးနိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း လွယ်လွယ်ကူကူနှင့် ခြေစစ်ပွဲအောင်ခဲ့၍ ကမ္ဘာ့ဖလားကြီးကို ဆွတ်ခူးနိုင်ရန် အလားအလာ ရှိနေကြောင်း နည်းပြ မာဆယ်လိုလစ်ပီက ဆက်လက် ပြောကြားသည်။

အီတလီအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ၁၉၃၄ ခုနှစ်က စတင်ယှဉ်ပြိုင်ခဲ့ရာ ယင်းနှစ်တွင် ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းနောက် ၁၉၃၈ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၈၂ ခုနှစ်တွင် တစ်ကြိမ် ကမ္ဘာ့ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

အီတလီ တိုက်စစ်မှူး

အီတလီအသင်းမှ အားထားရသော တိုက်စစ်မှူး ဗီယာရီ။ (ဓာတ်ပုံ-အင်တာနက်)

အီတလီအသင်း၏အဓိက ကစားသမားမှာ ပြင်သစ် မိုနာကိုအသင်း၌ ကစားနေသော အီတလီ တိုက်စစ်မှူး ခရစ္စတီယန်ဗီယာရီဖြစ်သည်။ ၎င်းအနေဖြင့် ဂျာမနီကမ္ဘာ့ဖလားဝင်ကစားခွင့်ရပြီး တစ်ဂိုးသွင်းနိုင်ခဲ့မည်ဆိုလျှင် အီတလီအသင်းအတွက် ကမ္ဘာ့ဖလားပွဲများတွင် ဂိုးအများဆုံးသွင်းသည့် ကစားသမား ဖြစ်လာနိုင်သည်။

အသက် ၃၂နှစ်အရွယ်ရှိ ဗီယာရီ

ဗီယာရီသည် အီတလီအသင်းအတွက် ပွဲများစွာ ကစားပေးခဲ့သူဖြစ်သော်လည်း အင်တာမီလန်ကနေ အေစီမီလန်သို့ပြောင်းခဲ့ပြီး နောက်ပိုင်းတွင် အီတလီအသင်းတွင် ပါဝင်ကစားခွင့်မရခဲ့ပေ။ ၎င်းသည် ကလပ်အသင်းများစွာတွင် လှည့်လည်ကစားခဲ့ပြီး ယခင်က ခြေစွမ်းမျိုး ပြန်ရခဲ့လျှင် အီတလီနှင့်အတူ ကမ္ဘာ့ဖလား၌ ပါဝင်လာနိုင်သည်။

ဗီယာရီ၏ ဘောလုံးစွမ်းရည် ကျွမ်းကျင်မှုကောင်းမွန်ခြင်းနှင့်အတူ အဆုံးသတ် ဂိုးသွင်းနိုင်မှုများကို အသုံးပြုပြီး ပြိုင်ဘက်များအား အနိုင်ယူလေ့ရှိသည်။ တောင့်တင်းသန်မာပြီး ကြံ့ခိုင်မှုကောင်းသူဖြစ်၍ တစ်ဖက်အသင်း ခံစစ်မှူးများအတွက်တော့ ၎င်းသည် သတိထားရမည့် တိုက်စစ်မှူး ဖြစ်သည်။

မျှော်လင့်ရ

ဗီယာရီသည် ၁၉၉၈ခုနှစ်နှင့် ၂၀၀၂ ကမ္ဘာ့ဖလားပွဲများတွင် ပါဝင်ကစားခဲ့သူဖြစ်၍ ယခုအကြိမ်ဆိုလျှင် သုံးကြိမ်တိုင်ရှိသွားပြီဖြစ်သည်။ ၎င်း၏ နောက်ဆုံး ကမ္ဘာ့ဖလား ပါဝင်ယှဉ်ပြိုင်မှုဖြစ်၍ အကောင်းဆုံးရလဒ်တစ်ခုကို ကြိုးစားပြလိမ့်မည်ဟု မျှော်လင့်ရသည်။

အီတလီအသင်းသည်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(င)တွင်ပါဝင်နေပြီး ဇွန် ၁၂ ရက်တွင် ဂါနာအသင်းနှင့်လည်းကောင်း၊ဇွန် ၁၇ ရက်တွင် အမေရိကန်အသင်းနှင့်လည်းကောင်း၊ ဇွန် ၂၂ ရက်တွင် ချက်အသင်းနှင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

အက်ဖ်အေဖလား။ (ဓာတ်ပုံ-အင်တာနက်)

အက်ဖ်အေဖလား ဗိုလ်လုပွဲ

မေ ၁၃ ရက်တွင် လီဗာပူးနှင့်ဝက်စ်ဟမ်း အကြိတ်အနယ်နွှဲမည်

လန်ဒန် မေ ၉

အက်ဖ်အေဖလား ဗိုလ်လုပွဲကို မေ ၁၃ရက်တွင် နာမည်ကြီး လီဗာပူးအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ဗိုလ်လုကြမည်ဖြစ်သည်။ လီဗာပူးအသင်းသည်အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်လာနိုင်သကဲ့သို့ ဝက်စ်ဟမ်းအသင်းက မစ်ဒယ်ဘရော့အသင်းကို တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ၂၀၀၁ခုနှစ်က အဆိုပါ အက်ဖ်အေဖလားကို မီလီနီယမ်ကွင်းကြီး၌ နောက်ဆုံးဆွတ်ခူးခဲ့ပြီးနောက် ပထမဆုံးအကြိမ်ဖလား ဆွတ်ခူးနိုင်သည့် အနေအထားသို့ ပြန်ရောက်လာခဲ့သည်။

နည်းပြ ဘင်နီတက်ဇ်လက်ထက် ဒုတိယအကြိမ် အက်ဖ်အေဖလားဆုဆွတ်ခူးမည့် အနေအထားလည်းဖြစ်သည်။

သုံးဂိုးစီ

ယင်းအက်ဖ်အေဖလားပြိုင်ပွဲတွင် လီဗာပူးအသင်း၏ ယခုနှစ်ထိပ်တန်းဂိုးသွင်းရှင်များမှာ ပီတာခရော့ချ်နှင့် ဂျွန်အာနီရစ်ဆီတို့ ဖြစ်ကြပြီး ၎င်းတို့သည် သုံးဂိုးစီ သွင်းပေးထားကြသူများဖြစ်သည်။

ခြောက်ကြိမ်တိုင်

ဘင်နီတက်ဇ်သည် ယခုနှစ်ရာသီအတွင်း ကစားသမား ၁၉ဦးကို အသုံးပြုပြီး အက်ဖ်အေဖလား ဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ လီဗာပူးအသင်းသည် အက်ဖ်အေဖလားကို ၁၉၆၅ခုနှစ်က ပထမဆုံးအကြိမ်ဆွတ်ခူးနိုင်ခဲ့သည်။ယင်းဖလားကို ခြောက်ကြိမ်တိုင် ဗိုလ်စွဲခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

လီဗာပူးတို့ ယခုပွဲတွင် မဖြစ်မနေ အက်ဖ်အေဖလားကို အရဆွတ်ခူးလိမ့်မည်ဟု မျှော်လင့်ရသည်။

ဝက်စ်ဟမ်း

ဝက်စ်ဟမ်းအသင်းသည် ပရီမီယာရှစ်တွင် ခြေစွမ်းထက်ပြီး ကစားကွက် လျှင်လျှင်မြန်မြန် ထိုးဖောက်ကစားတတ်သည့် အသင်းကောင်းတစ်သင်းဖြစ်သည်။

ယင်းတို့သည် အက်ဖ်အေဖလားကို ၁၉၆၄၊ ၁၉၇၅နှင့် ၁၉၈၀ပြည့်နှစ်များတွင် ဆွတ်ခူးနိုင်ခဲ့ပြီး စတုတ္ထမြောက်ဖလားကို ဆွတ်ခူးရန် တာစူလျက်ရှိသည်။

၁၉၆၄ခုနှစ်က ဝက်စ်ဟမ်းသည် အဆိုပါဖလားကိုသာလျှင် ဆွတ်ခူးနိုင်ခဲ့ပြီး ၁၉၆၅ခုနှစ်တွင် ဥရောပဖလားဆွတ်ခူးနိုင်မှု အတိုင်းအတာအထိ အောင်မြင်မှု အစဉ်အလာရှိခဲ့သော အသင်းလည်းဖြစ်သည်။ ဝက်စ်ဟမ်းအသင်း၏ ကစားသမားသုံးဦးသည် နှစ်ဂိုးစီသွင်းပေးပြီး ယခုနှစ်ရာသီတွင် ဝက်စ်ဟမ်းအသင်းအား ဗိုလ်လုပွဲသို့ အရောက်ပို့ပေးနိုင်ခဲ့သည်။ ယင်းတို့မှာ ဟာရီဝုဒ်၊ ဒီးန်အက်ရှ်တန်နှင့် ဘော်ဘီဇာမိုရာတို့ ဖြစ်ကြသည်။

လူစားလဲခြင်းမရှိ

ဝက်စ်ဟမ်းအသင်းသည် ၁၉၇၅ ခုနှစ်က ဖူဟမ်အသင်းကို အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ၁၉၈၀ပြည့်နှစ်မှစပြီး ဝက်စ်ဟမ်းတို့ အက်ဖ်အေဖလားနှင့် ကျော်ကြားမှုမှာ ကျဆင်းသွားခဲ့သည်။ ဝက်စ်ဟမ်းအသင်း အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲအနိုင်ရသည်အထိ လူစားလဲခြင်းမရှိသော ကစားသမားမှာ၁၉၉၉ခုနှစ်က မန်ယူမှ ပြောင်းလာသော ရှရင်ဂမ်ဖြစ်သည်။

ဝက်စ်ဟမ်းနည်းပြ အလန်ပါဒရူးသည် ၁၉၈၀ပြည့်နှစ်က အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ၌ ခရစ္စတယ်ပဲလေ့စ်က လီဗာပူးအသင်းအား လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိရာတွင် အနိုင်ဂိုးသွင်းပေးခဲ့သည့် ဘောလုံးသူရဲကောင်းပင်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံရှိ သာသနာပြုတက္ကသိုလ်များသို့ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးကစာအုပ်များပေးအပ်လှူဒါန်း

ရန်ကုန် မေ ၉

မြန်မာနိုင်ငံရှိ သာသနာပြုတက္ကသိုလ်များသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက ဗုဒ္ဓသာသနာပြုစာပေဆိုင်ရာ စာအုပ်များပေးအပ်လှူဒါန်းပွဲကို ယနေ့ ညနေ၃နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးညှိနှိုင်းခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

လှူဒါန်းပွဲအခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra က ဗုဒ္ဓသာသနာပြုစာပေဆိုင်ရာ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလက်ခံပြီး**(အောက်ပုံ)** ကျေးဇူးတင်စကား ပြောကြားသည်။ **(သတင်းစဉ်)**

ကျောင်းထိုင်ဆရာတော်ထံကျောင်းလွှဲအပ်လှူဒါန်း

ရန်ကုန် မေ ၉

သာကေတမြို့နယ် (၇) ရပ်ကွက် မြင်တော်သာလမ်းရှိ ကျောက်ချောင်းကျောင်းတိုက်ကို ဗုဒ္ဓစာပေနှင့် ယဉ်ကျေးမှုသင်တန်း ကျောင်းတော်ကြီးအဖြစ် တည်ထောင် ဖွင့်လှစ်နိုင်ရန် အတွက် သာသနာရေးဦးစီးဌာန အဘိဓမ္မာနှင့် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း၊ သင်တန်းမှူး ဆရာတော် ဘဒ္ဒန္တဝါယာမသာရ ဥဘတောဝိဘင်္ဂရေ MA(Q) အား လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို မေ၇ရက် နံနက်၈နာရီခွဲ ကကျင်းပသည်။

ရှေးဦးစွာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တတေဇောဘာသက သင်တန်းမှူး ဆရာတော် ဘဒ္ဒန္တဝါယာမသာရထံ ကျောင်းလွှဲအပ်လှူဒါန်းသည့် စာချုပ်ကို ပေးအပ်လှူဒါန်းသည်။ ထို့နောက်ကျောင်းအလှူရှင်များဖြစ်ကြသော ဆရာတော် ဒေါက်တာဘဒ္ဒန္တသုန္ဒရ (သာသနောဒယ)က ငွေကျပ်တစ်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ-ဒေါ်ခင်မာအေး မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါက်တာမိုမိုသိမ်းမိသားစုက ငွေကျပ်၁၀သိန်း၊ ဒူးရင်းသီး ဦးစိုးမြင့်(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ၊ လူမှုထူးချွန်ပထမဆင့်)-ဒေါ်ခင်မာရီမိသားစုက ငွေကျပ်နှစ်သိန်း၊ ဒေါက်တာ ကျော်ညွန့်လွင်-ဒေါက်တာနုနုထွေး မိသားစုက ငွေကျပ်နှစ်သိန်း၊ ဗိုလ်မှူးကြီးဇင်ဝေသိမ်း(ငြိမ်း)-ဒေါ်ခင်ခင်ဝင်းမိသားစုက ငွေကျပ်တစ်သိန်းခွဲ၊ ဦးမြင့်ဆွေ-ဒေါ်ညွန့်ညွန့်ဆွေ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးခင်မြင့်-ဒေါ်ရဲမာမော်နိုင်နှင့် ခုနစ်ရက်သားသမီး မိသားစုက ငွေကျပ်တစ်သိန်း၊ဗိုလ်မှူးစောဝင်းသိမ်း-ဒေါ်လဲ့လဲ့မိုး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးလှသန်း-ဒေါ်အပြုံး မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်စန်းစန်း၊ ဒေါ်ဝေဝေမြင့် ညီအစ်မက ငွေကျပ်တစ်သိန်း၊ ဦးစိန်ဝင်းလှိုင်-ဒေါ်ခင်ခင်ကြီး မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစိုးတင့်-ဒေါ်မြင့်မြင့်ဆွေ မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးထွန်းရွှေနှင့် မောင်နှမတစ်စု(သက္ကလ)က ငွေကျပ်တစ်သိန်း၊ ဦးဝင်းထိန်-ဒေါ်သိန်းမြင့်ကြည် မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးသန်းထွန်း-ဒေါ်သက်သက်ဝင်း မိသားစုက ငွေကျပ်တစ်သိန်း၊ ဦးစံမောင်-ဒေါ်ခင်ကြည်၊သား ဆရာဦးသန်းဝင်းမိသားစုက ငွေကျပ်တစ်သိန်း စုစုပေါင်းအလှူရှင် ၂၅ဦးတို့က အလှူငွေကျပ် သိန်း၃၀ကျော် ပေးအပ်လှူဒါန်းကြောင်း သိရသည်။**(အပေါ်ပုံ)** **(က-ပ)**

ကွတ်ခိုင်မြို့နယ်မှလူကုန်ကူးခံရသူနှစ်ဦးအား အချိန်မီကယ်တင်စောင့်ရှောက်နိုင်ခဲ့

ရန်ကုန် မေ ၉

ကွတ်ခိုင်မြို့နယ် မန်တားရွာနေ မဒေါင်နွမ်းပါ လေးဦးတို့အား တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့ကြောင်း ယင်းတို့၏ မိဘများက မူဆယ်ရဲစခန်းသို့တိုင်ကြားချက်အရ မူဆယ်မြို့ ဟိုမွန်ရပ်ကွက်(၄၅)ကုန်း ဟ/၈၆၉နေ တရားခံ မဗျာမူဂူအား မေ၄ရက်တွင်ဖမ်းဆီးပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူခဲ့သည်။

အမြန်ကယ်တင်ရေးစီစဉ်

အမှုနှင့်ပတ်သက်၍ မူဆယ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့သည် မေ၇ရက်တွင် တရားခံ၏ တယ်လီဖုန်းမှတ်စုစာအုပ်ပါ သံသယရှိသည့် ဖုန်းအဆက်အသွယ်များကို ဆက်သွယ်ဆောင်ရွက်ခဲ့ရာ တစ်ဖက်နိုင်ငံမှရောက်တွမ်ဆိုသူထံတွင် ရောင်းစားခံရသူလေးဦးအနက်မှ မကိုင်ကျန်(၁၅)နှစ်နှင့် မကျန်မေချင်(၁၆)နှစ်တို့ နှစ်ဦးရှိနေကြောင်း၊ အဆိုပါ အမျိုးသမီးနှစ်ဦးအား နောက်တစ်နေ့တွင် တစ်ဖက်နိုင်ငံ လုံလင်နှင့်ကျန်ဖုန်းမြို့များသို့ ပို့ဆောင်မည်ဖြစ်ကြောင်းသိရှိရသဖြင့် အမြန်ကယ်တင်ရေးစီစဉ်ဆောင်ရွက်ခဲ့သည်။

တစ်ဖက်နိုင်ငံ ရွှေလီမှတာဝန်ရှိသူများနှင့်ညှိနှိုင်းပူးပေါင်း၍ တစ်ဖက်နိုင်ငံ တာကွမ်းရွာ၌ ရောင်းစားခံရသူ လေးဦးအနက် မကိုင်ကျန်နှင့် မကျန်မေချင်တို့အား ဝယ်ယူသူ ရောက်တွမ်ထံမှ ကယ်တင်ပြီးနောက် ယင်းနေ့ညနေ၆နာရီတွင် မူဆယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးအထူးအဖွဲ့သို့ ပြန်လည်ပို့ဆောင်ပေးခဲ့သည်။ ၎င်းတို့အား မေးမြန်းချက်အရ လွန်ခဲ့သည့်နှစ်လကျော်က တစ်ဦးလျှင် ယွမ်၄၀၀ဖြင့်ရောင်းစားခံရခြင်းဖြစ်ကြောင်း၊ လိင်မှုဆိုင်ရာ ပြုကျင့်မှုခံရသည့်အပြင် အလုပ်ကြမ်းစေခိုင်းခံရကြောင်းသိရှိရသည်။

ပြန်လည်အပ်နှံ

မူဆယ်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့သည် အဆိုပါအမျိုးသမီးငယ် နှစ်ဦးအား အချိန်မီကယ်တင်ခဲ့ပြီး မေ၈ရက်တွင် မူဆယ်ခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့က နှစ်သိမ့်ဆွေးနွေးခြင်းပြုလုပ်ပြီး ယင်းတို့၏ မိဘများထံ ပြန်လည်ပို့ဆောင်အပ်နှံခဲ့ပြီးဖြစ်သည်။

လူကုန်ကူးမှုသည် လူသားတို့၏အရှက်နှင့် ဂုဏ်သိက္ခာကို ထိခိုက်စေသည့်အပြင် မြန်မာလူမျိုးတို့၏ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုပါ ထိပါးပျက်စီးစေသည့်အတွက် နိုင်ငံတော်က လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ပြည်တွင်း၌ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံတကာ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်း၍လည်းကောင်း တားဆီးတိုက်ဖျက်လျက်ရှိရာ ကျန်ရှိနေသေးသော လူကုန်ကူးခံရသူ မဒေါင်နွမ်း(၂၆)နှစ်၊ မဇယ်ဆိုင်း(၃၀)နှစ်တို့အား ကယ်တင်နိုင်ရေးအတွက် ရွှေလီရဲဌာနနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စမ်းချောင်းလမ်း ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၉

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထ ဝိပဿနာ အကျင့်မြတ်အလုပ်တရားတော်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက မေ၁၅ရက်မှ ၂၄ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်၂၉ ဒုတိယထပ်တွင် မွန်းတည့်၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ရှမ်းပြည်နယ်(တောင်ပိုင်း)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလုပ်ငန်းညှိနှိုင်း

ရန်ကုန် မေ ၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ၂၀၀၆-၂၀၀၇ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ၂၄ရက်က တောင်ကြီးခရိုင်ရုံး၌ ကျင်းပရာ ရှမ်းပြည်နယ် (တောင်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက ၂၀၀၆-၂၀၀၇ခုနှစ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်ကြီးခရိုင်အတွင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် လှူဒါန်းလက်ခံရရှိသော စာအုပ်၊စာစောင်စုစုပေါင်း ၃၂၄၃ အုပ်၊ တန်ဖိုး ကျပ်၇၂၉၉၅၀အား ပင်းတယမြို့နယ်ဦးစီးမှူး ဦးသန့်ရှင်းမောင်က လည်းကောင်း၊ အလှူခံရငွေ ကျပ်၁၇၄၉၀၀အား ပင်လောင်းမြို့နယ် ဦးစီးမှူး ဦးထွန်းလင်းက လည်းကောင်း ပေးအပ်ရာ တောင်ကြီးခရိုင် ဦးစီးအရာရှိ ဦးချိမောင်ကလက်ခံရယူသည်။လွိုင်လင်ခရိုင်အတွင်း ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် အလှူခံရရှိသော စာအုပ်စုစုပေါင်း အုပ်၂၅၀၀(တန်ဖိုး ကျပ်-၆၂၀၀၀၀)အား မိုင်းရှူးမြို့နယ် ဦးစီးမှူး ဦးဝင်းမောင်က လည်းကောင်း၊ အလှူခံရငွေ ကျပ်၁၂၀၀၀၀အား နမ့်စန်မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းကလည်းကောင်း ပေးအပ်ရာ လွိုင်လင်ခရိုင် ဦးစီးအရာရှိ ဦးသောင်းဝင်းက လက်ခံရယူပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ရှင်းလင်း

ယင်းနောက် အစည်းအဝေး ပြန်လည်ကျင်းပရာလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေမေနီက ၂၀၀၅-၂၀၀၆ခုနှစ် မြို့နယ်အလိုက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအား သုံးသပ်ဆွေးနွေးပြီး ၂၀၀၆-၂၀၀၇ခုနှစ် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးများ၏ တင်ပြချက်များအပေါ် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေမေနီ၊ ဦးစီးအရာရှိ ဦးချိမောင်၊ ဦးသောင်းဝင်းတို့က ပြန်လည်ဆွေးနွေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် ၃၈နေ ဦးမျိုးညွန့်-ဒေါ်နွယ်နွယ်ယုတို့၏သား

မောင်ကျော်မျိုး 1st Year (Botany)

Superintendent, T.S Machinery Co.,Ltd.(တရုတ်-တိုင်ပေ)

နှင့်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ဦးအေးလမ်းသွယ် ၂၊အမှတ် ၄၉နေ ဦးဝင်းဖေ-ဒေါ်ခင်စန်းဝင်းတို့၏သမီး

မမူမူဝင်းဖေ B.Sc (Zoology), ACCA Part(II)

Administrator, Atomic System & Design Pte., Ltd. Singapore

တို့၏ ၁-၅-၂၀၀၆ရက်တွင် White Rice Restaurant တွင် ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများကို ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ကျော်မျိုး-မမူမူဝင်းဖေ။

မွေးနေ့ဆုတောင်း

ချစ်သမီးကြီး **မမေသရဖူလွင်** [Grade VI၊ T.T.C°၊ လှိုင်] (Inter-2၊ I.L.B.C)ရဲ့ ၁၀-၅-၂၀၀၆ရက်တွင် ကျရောက်သော (၁၀)နှစ်ပြည့် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများဖြင့်ပြည့်စုံ၍ ရည်မှန်းချက်ပန်းတိုင်သို့ ပြည့်စုံအောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ပါပါ - **ဦးတင့်လွင်(Director K.S.N Co., Ltd.) (ဗဟိုအလုပ်အမှုဆောင်၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်)**

ချစ်မေမေ - **ဒေါ်ခိုင်ဝါသိန်း(ခိုင်ဝါမိနီမတ်၊ T & K Mobile Mart) T & K Group ရော်ဘာစိုက်ပျိုးရေး (ငါးဆုတောင်)**

ချစ်ညီမငယ်လေး - **မမေသရဖီလွင်(Grade II, T.T.C၊ လှိုင်)**









အမည်ပြောင်း

၇/ညလပ(နိုင်)၁၂၀၃၀၀ကိုင်ဆောင်သူ ကျွန်မ မဝါဝါလွင်အား မနွေးနွေးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

မနွေးနွေးအောင်။



ပထမကြီး၊ပထမလတ်နှင့်ပထမငယ်စာမေးပွဲ များတွင် ဖြေဆို အောင်မြင်တော် မူကြသော စာဖြေသံဃာတော်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲ ရှင်ဥတ္တမသံဃာ နှင့်သဘင် အခမ်းအနားကို မေ ၁၀ ရက်က ပေါင်မြို့ အထက ရွှေရတုခန်းမတွင် ကျင်းပ ရာ သံဃာတော်တစ်ပါးအား ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းဆန်းက အောင်လက်မှတ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်။ (၂၆၀)

ရှမ်းပြည်နယ်(အရှေ့ပိုင်း)သူနာပြုသားဖွားသင်တန်းကျောင်း ငွေပဒေသာပင်စိုက်ထူရန် အလှူငွေပေးအပ်ပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ မေ ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်းအတွက် ငွေပဒေသာပင်စိုက်ထူရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဧပြီ၂၆ရက်က သူနာပြုသားဖွားသင်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်မြေတာဝန်ခံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက အမှာစကားပြောကြားသည်။

<u>ပေးအပ်လှူဒါန်း</u>

ဆက်လက်၍ သူနာပြုသားဖွားသင်တန်းကျောင်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးကလှူဒါန်းသော ငွေပဒေသာပင်အလှူငွေကျပ်ငါးသိန်းကို ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းက ပေးအပ်လှူဒါန်းရာ ဒေါက်တာစိုင်းနော်ငင်းကလည်းကောင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က လှူဒါန်းသောငွေပဒေသာပင် အလှူငွေကျပ်ငါးသိန်းကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးတင်လှိုင်က ပေးအပ်လှူဒါန်းရာ ပြည်နယ်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဦးမြင့်စိုးကလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသောငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်းကို ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစိုင်းလုံးဆိုင်က ပေးအပ်လှူဒါန်းရာ သူနာပြုသားဖွားသင်တန်းကျောင်းအုပ်ကြီး ဒေါ်သန်းသန်းဝင်းကလည်းကောင်း လက်ခံရယူကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စစ်ကိုင်းတိုင်း၌ ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီး ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ကိုင်ဆောင်ရွက်မှုရှင်းလင်း

စစ်ကိုင်း ဧပြီ ၁၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးမောင်ဖေသည် မတ် ၂၂ရက် နံနက် ၉နာရီက စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ရောက်ရှိပြီး တိုင်းလက်ထောက် ညွှန်ကြားရေးမှူး ဦးတင်သန်းဝင်း၊ခရိုင်ဦးစီးအရာရှိ ဦးညွန့်ဆောင်၊ ခရိုင်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ထမ်းများအရည်အချင်း ပြည့်ဝစွာဖြင့် လုပ်ငန်းကျွမ်းကျင်မှုများရှိရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းလက်ထောက်ညွှန်ကြားရေးမှူးဦးတင်သန်းဝင်းက တိုင်းအတွင်း ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုနှင့် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်ပြီး အုန်းတောကျေးရွာ ရွှေပြည်ဖြိုးစာကြည့်တိုက်နှင့် ကွန်ပျူတာစာဖတ်ခန်းတို့ကို ကြည့်ရှုရာ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက စာကြည့်တိုက်ထူထောင်ထားရှိမှု၊ စာအုပ်များလှူဒါန်းရရှိမှုနှင့် စာဖတ်ပရိသတ်များ လာရောက်ကြည့်ရှုမှုအခြေအနေများကိုတင်ပြရာ ညွှန်ကြားရေးမှူး ဦးမောင်ဖေက စာကြည့်တိုက်တည်တံ့ရေး၊ စီဒီရွှမ်းများဖြင့် စာပေလေ့လာဖတ်ရှုမှုအင်အားတိုးပွားရေး၊ ကျောင်းသူ ကျောင်းသားများအတွက် ကွန်ပျူတာစာဖတ်ခန်းမှ အထောက်အကူပြုရေးတို့ကို ဖြည့်ဆည်းမှာကြားကာ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ သက်ကြီးရွယ်အိုများ ပူဇော်ကန်တော့ပွဲကို ဧပြီ ၁၇ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင် အလှူငွေနှင့် ပစ္စည်းများဖြင့်ပူဇော် ကန်တော့စဉ်။ (၁၅၂)

ယဉ်ကျေးမှုပန်းခင်း သင်တန်းဆင်းပွဲ ဟိုပင်မြို့၌ကျင်းပ

ဟိုပင် ဧပြီ ၁၀

ကချင်ပြည်နယ် ဟိုပင်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်ဆရာတော် အရှင်နာရဒက ကြီးမှူးဖွင့်လှစ်သော နွေရာသီယဉ်ကျေးမှု ပန်းခင်းသင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၃၀ရက်ကဟိုပင်မြို့အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပြီး ဆရာတော်အရှင်နာရဒကသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားကာ သင်တန်းတွင်ထူးချွန်စွာအောင်မြင်ကြသောကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ဘေးဒုက္ခဆိုင်ရာ လေ့လာဆန်းစစ်သုံးသပ်ခန့်မှန်းရေးနှင့် တုံ့ပြန်ရေးသင်တန်းဖွင့်ပွဲ ဟားခါးမြို့၌ ကျင်းပ

ဟားခါး ဧပြီ ၁၀

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့ပူးပေါင်းဖွင့်လှစ်သောဘေးဒုက္ခဆိုင်ရာ လေ့လာဆန်းစစ်သုံးသပ်ခန့်မှန်းရေးနှင့် တုံ့ပြန်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်၃၁ရက်နံနက် ၁၀ နာရီက ဟားခါးမြို့အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဗဟိုအလုပ်အမှုဆောင်ဦးစောသိန်းကမြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုဥက္ကဋ္ဌပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမောင်မောင်အောင်ကျော်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို မတ်၃၁ရက်မှ ဧပြီ၆ရက်အထိ သင်တန်းပို့ချကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မတ် ၂၅ ရက် က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံ ရပ်ကွက်တွင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အခြေခံ အသုံးလုံးသင်တန်း ဖွင့်လှစ်၍ စာမတတ်သူများအား သင်ကြားပေးစဉ်။ (၁၆၂)

ဈေးများတွင် အီလက်ထရွန်နစ်အလေးချိန်တိုင်းကိရိယာထားရှိအသုံးပြုရေးနှင့် ပတ်သက်၍ရှင်းလင်း

မြစ်ကြီးနား ဧပြီ ၂၀

ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် အီလက်ထရွန်နစ် အလေးချိန်တိုင်း ကိရိယာများထားရှိအသုံးပြုရေးနှင့်ပတ်သက်၍ ရှင်းလင်းပွဲကို ဧပြီ ၅ ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

<u>လက်တွေ့ရှင်းလင်း</u>

အခမ်းအနားတွင်ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချိုက မြစ်ကြီးနား၊ ဖားကန့်၊ မိုးကောင်း၊ မိုးညှင်းနှင့် ဗန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဒုတိယဦးစီးမှူး(ဈေး)များကို အဆိုပါ အီလက်ထရွန်နစ်အလေးချိန်တိုင်းကိရိယာသည် တိကျသော တန်ဖိုးများကို အချိန်တိုအတွင်း ရရှိနိုင်မည်ဖြစ်သဖြင့် ပြည်သူများစိတ်ချမ်းမြေ့စွာ ဝယ်ယူစားသုံးနိုင် မည်ဖြစ်ကြောင်း လက်တွေ့ရှင်းလင်း ပြသသည်။ **(ပြည်နယ်စည်ပင်)**

မြန်မာ့အသံ နားဆင်စရာ

၁၁-၅-၂၀၀၆ (ကြာသပတေးနေ့)
ကဆုန်လပြည့်နေ့

<u>နံနက်ပိုင်း</u>

၀၇း၀၀	တရားတော် (ကဆုန်လပြည့်နေ့တရားတော်)

<u>နေ့လယ်ပိုင်း</u>

၀၉း၃၅	ဟောပြောချက် (ကဆုန်လပြည့် ဗုဒ္ဓနေ့)
၁၁း၁၅	နိုင်ငံ့စီးပွားလုပ်ငန်းများ (Star ခရီးသွားလုပ်ငန်း၏ ဝန်ဆောင်မှုများ)
၁၁း၃၅	စာအုပ်စာပေ လူ့မိတ်ဆွေ (၁) ဒို့အမျိုးသားတိုင်းပြည် (သခင်မြသန်း) (၂) အီးမေးလ်ပို့ခြင်း (ဒေါက်တာခင်မောင်ညို)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (ကိရိယာမပါဘဲ ကျန်းမာရေး လေ့ကျင့်မှု-မောင်ဆုရှင်)
၁၂း၃၀	အစာနှင့်အာဟာရ (မလိုင်လုံးနှင့် မလိုင်ခဲ)

<u>ညနေပိုင်း</u>

၁၆း၃၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	ထူးဆန်းထွေလာ သတင်းပဒေသာ
၁၈း၄၀	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝံ ဦးဘုန်းမြင့်)
၁၉း၁၅	သီတဂူဆရာတော်ကြီး၏ ကဆုန်လပြည့်နေ့အစီအစဉ်
၂၀း၅၀	မင်းကွန်းဆရာတော်ကြီး၏ အရပ်(၁၀)မျက်နှာ မေတ္တာဘာဝနာ တရားတော်

ဟုမ္မလင်း၌ ခြံစည်းရိုးကြက်ဆူစပေါင်းစိုက်ပျိုး

ဟုမ္မလင်း မေ ၂

ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် လေယာဉ်ကွင်း၏တောင်ဘက်အခြမ်း၌ ခြံစည်းရိုးကြက်ဆူစပေါင်းစိုက်ပျိုးပွဲကို ဧပြီ ၁၉ရက်က ကျင်းပရာအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးကျော်ရင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်သည်။

အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် စွမ်းအားမြှင့်စိုက်ပျိုးလျက်ရှိပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူကိုင်းဖြတ် ပျိုးပင်ပေါင်း ၁၀၇၆ပင်ကို မြေကျင်းတူး စိုက်ပျိုးကြသည်။ **(အပေါ်ပုံ)**

စိုက်ပျိုးပြီး ကြက်ဆူပင်များ ရှင်သန်ကြီးထွားရေးအတွက် တာဝန်ရှိသူများက တစ်ရက်တစ်ကြိမ် ရေလောင်းကြမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ ထူးချွန်ဆုရ တပ်ဖွဲ့ဝင်များ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တက်ရောက် ဂုဏ်ပြုဆုချီးမြှင့်

မော်လမြိုင် မေ ၈

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးကျင်းပသည့် နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့နှင့် ဘက်စုံထူးချွန်ဆုရ တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၅ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ မွန်ပြည်နယ်မီးသတ်ဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ဗဟိုအဆင့် စခန်းသာယာလှပရေး ပထမဆုရရှိသော မော်လမြိုင်မြို့နယ် မီးသတ်စခန်းအမှတ်(၁)အား ဂုဏ်ပြုဒိုင်းဆုကို မွန်ပြည်နယ် မီးသတ်ဦးစီးမှူး(တာဝန်) ခရိုင်ဦးစီးအရာရှိ ဦးအောင်ဆွေဝင်းက လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး မျိုးအောင်ဌေးက ၂၀၀၅-၂၀၀၆ ခုနှစ် ဗဟိုအဆင့် ဆေးတပ်စုသင်တန်းအမှတ်စဉ် (၅/၂၀၀၅)၌ ဒုတိယဆုရရှိသော မော်လမြိုင်မြို့နယ် ဇေယျာသီရိရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ယုယုနွယ်အား လည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က ၂၀၀၅-၂၀၀၆ ခုနှစ် ဗဟိုအဆင့် အခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၃၂/၂၀၀၅)၌ သေနတ်ပစ် ပထမဆုနှင့် ချေမှုန်းရေး တတိယဆုရ ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့မှ တပ်ကြပ်ကြီး နေလင်းဦးအား လည်းကောင်း၊ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်က မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် ပံ့ပိုးကူညီပေးခဲ့သော မွန်ပြည်နယ် မြန်မာ့ရေထွက်ပစ္စည်းရောင်းဝယ်ရေးရုံးအား လည်းကောင်း ဂုဏ်ပြုလွှာများ ချီးမြှင့်ပေးအပ်သည်။

နှုတ်ဆက်

ယင်းနောက် နှစ်(၆၀)ပြည့် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အသက်ကယ်စွမ်းရည်နှင့် မီးငြိမ်းသတ်ရေးစွမ်းရည် သရုပ်ပြသခြင်းများကိုပြသရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများက ကြည့်ရှုအားပေးပြီး တက်ရောက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ လိုက်လံနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)** (၁၆၈)

အမျိုးသမီးများအား ရေဦး၌ အသိပညာပေးဟောပြော

ရေဦး မေ ၆

ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အမျိုးသမီးများအား အသိပညာပေး ဟောပြောပွဲကို မေ ၂ ရက် မွန်းတည့် ၁၂ နာရီက ရေဦးမြို့နယ် အင်တောကျေးရွာအုပ်စုတွင် ကျင်းပသည်။

ရေဦးစွာ ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်အေးသန်းကြည်က လူမှုရေးနှင့် ယဉ်ကျေးမှုအကြောင်း အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ ရွှေဘိုခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ပုဏ္ဏားကျေးရွာအုပ်စုသို့ သွားရောက်၍ အမျိုးသမီးများအား အသိပညာပေး ဟောပြောဆွေးနွေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်း

ကျိုက်ထို မေ ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်းဆင်းပွဲကို မေ ၁ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ကျင်းပရာ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇောတိက (မဟာသဒ္ဓမ္မဇောတိက)က ဩဝါဒကထာ ချီးမြှင့်မြွက်ကြားပြီး မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(က-ပ)**

မြင်းခြံခရိုင် အထူးကုဆေးဝါးကုသရေးအဖွဲ့ ကျန်းမာရေးအသိပညာပေးဟောပြော

နွားထိုးကြီး ဧပြီ ၃

မြင်းခြံခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်အထူးကုဆေးဝါးကုသရေးအဖွဲ့ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက နွားထိုးကြီးမြို့နယ် အုတ်တွင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းခန်းမ၌ ကျင်းပသည်။

ထို့နောက် ကျန်းမာရေးပညာပေး ဟောပြောပွဲတွင် ခရိုင်တီဘီရောဂါ တိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာဦးကျော်စံဝင်းက ခုခံအားကျဆင်းမှုနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ ဒေါက်တာ ဦးစိုးလွင်နှင့် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်နွဲ့နွဲ့ဝင်းတို့က ကျန်းမာရေး အသိပညာပေး ဟောပြောကြပြီး ခရိုင်အထူးကုဆေးဝါးကုသရေးအဖွဲ့က ကျေးရွာသူ ရွာသားများအား ကျန်းမာရေးစစ်ဆေးကာ ဆေးဝါးကုသပေးကြသည်။ **(၂၁၃)**

ကလေးကိုယ်ပွားသတင်းစာတိုက် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်

ကလေး မေ ၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (ကလေးမြို့) နှင့် ကလေးခရိုင် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်းနှင့် မီးသတ်ဆေးဘူးများအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းကို ဧပြီ၂၇ ရက် နံနက် ၉နာရီကသတင်းစာတိုက်အတွင်း၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနတို့မှ ဦးစီးအရာရှိများ၊ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ အောင်သစ္စာ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့ (သတင်းတပ်ဖွဲ့) မှ တပ်ဖွဲ့ဝင်များနှင့် သတင်းစာတိုက်ဝန်ထမ်းများ တက်ရောက်ကြသည်။

လေ့ကျင့်ဆောင်ရွက်

အဆိုပါဆောင်ရွက်မှုအစီအစဉ်အရ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းစိုးနှင့် သတင်းစာတိုက်တာဝန်ခံစာတည်း ဦးအောင်နိုင်လွင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်သော သိသင့်သိထိုက်သည့် အချက်များ ဟောပြော ရှင်းလင်း ဆွေးနွေးပြီး သတင်းစာတိုက် ဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို လေ့ကျင့်ဆောင်ရွက်ကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)** (က-ပ)

မေ ၅ ရက်က ရန်ကင်းမြို့နယ် ရွှေသစ္စာလမ်း(၁၃)ရပ်ကွက် အမှတ်(၃၂)နေ ဦးမြင့်ဦး- ဒေါ်နှင်းဆီ မိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ နတ်လမ်းတစ်ခန်းအတွက် ငွေကျပ် တစ်သိန်းတစ်ထောင်ကို အလှူရှင်ကိုယ်စား ဦးစိုးဝင်းက ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးသန်းဖေက လက်ခံယူစဉ်။ (၃၈၀)

မီး သတိပြု

ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများ ဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်းသွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွား ပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မုံရွာနှင့် စစ်ကိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲများတက်ရောက် ရောဝတီတံတား(ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းစစ်ဆေး

ရန်ကုန် မေ ၉

စစ်ကိုင်းတိုင်း မုံရွာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်အတူ မေ ၅ ရက် နံနက် ၆ နာရီတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ စစ်ကိုင်းတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပျိုးထောင်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မုံရွာမြို့ရှိ စစ်ကိုင်းတိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့ သွားရောက်၍ ခြံစည်းရိုး ကြက်ဆူပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးစိုးလှက ကိုင်းဖြင့်ပျိုးထောင်ထားမှုနှင့် ပျိုးအိတ်ဖြင့် ပျိုးထောင်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို

စာမျက်နှာ ၃ ကော်လံ ၁ ■

ရေနုတ်မြောင်း ဖောက်လုပ်မှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ) ချဉ်းကပ်လမ်းဘေး ဝဲ/ယာတစ်လျှောက်၌ ရေနုတ်မြောင်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသဖွံ့ဖြိုးရေး စေတနာအပြည့်အဝထား ဝိုင်းဝန်းကြိုးပမ်းထမ်းဆောင် လုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေး စံချိန်စံညွှန်းမီတည်ဆောက်

နေပြည်တော် မေ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၇ ရက် နံနက်ပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး စံပြဧက ၁၀၀ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ ရောက်ရှိကြကာ စိုက်ခင်းအတွင်း ရှင်သန်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်တိုက်ရိုက်မျိုးစေ့ချပျိုးပင် ၂၄၀၀၀၀ နှင့် ကိုင်းစနစ်ပျိုးပင် ၁၂၀၀၀၀ ပင်များ

စာမျက်နှာ ၁၂ ကော်လံ ၁ ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နောင်ချိုမြို့နယ်ရှိ သံကူကွန်ကရစ်အမျိုးအစား ဂုတ်တွင်းတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နှစ်သန်းပေါင်းများစွာကပင် ကမ္ဘာမြေပြင်သို့ ဥက္ကာခဲများကျဆင်းခဲ့

ရှေးနှစ်သန်းပေါင်း များစွာကပင် ကမ္ဘာမြေပြင်သို့ အာကာသမှ ဥက္ကာခဲများကျဆင်းခဲ့ကြောင်း၊ ၎င်းဥက္ကာခဲများတွင် ကာဗွန်များပါရှိကြောင်း သုတေသနပြုချက်အသစ်တစ်ရပ်၌ ဖော်ပြလိုက်သည်။

သုတေသနပြု

ကာဗွန်ကြွယ်ဝသော ဥက္ကာခဲများ ကမ္ဘာမြေပြင်ထက်သို့ကျဆင်းခဲ့ကြောင်း ရှေးခေတ်ပေါင်းများစွာက ကျဆင်းခဲ့သော ဥက္ကာခဲများကို သုတေသနပြုကြည့်ရာမှ သိရှိရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အချို့သော ဥက္ကာခဲများသည် နေစကြဝဠာအဖွဲ့အစည်းမဖြစ်ပေါ်မီကပင် ဖြစ်တည်ခဲ့သော ဒြပ်ထုဥက္ကာခဲများဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ ယခုကဲ့သို့ တွေ့ရှိချက်ကို အမေရိကန်သိပ္ပံမဂ္ဂဇင်းတွင် ဖော်ပြထားခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

နေပြည်တော်မြို့တော် မိုးလေဝသအခြေအနေ

နေပြည်တော်မြို့တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့(မေ ၁၀ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။



နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး